# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၉၁)

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောည့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သော စိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ **ဓမ္မပဒ**

**ဗိုလ်တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော် **စာမျက်နှာ ၁၆ ကော်လံ ၁** ☆



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်း ပထမပြန်စာသင်တိုက်ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၈ ရက်)

# ဝါဆိုသင်္ကန်းကပ်လှူဒါန်း မွန်မြတ်သည့်အလှူအတန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာ အခမ်းအနားကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း ၁၃၈၆ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်တွင် ကျင်းပခဲ့ပြီး ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ဇူလိုင်လ ၁၇ ရက်နေ့ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အနော်ရထာခန်းမ၌ ကျင်းပခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူပြီး သက်တော်ရှည် သံဃာ့ဥသျှောင် ဆရာတော်ကြီးများကို နှစ်စဉ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းသည် မြတ်စွာဘုရားရှင်က မိုးရေခံသင်္ကန်း (ဝါဆိုသင်္ကန်း)ဆက်ကပ်ရန် ဝိနည်းတော်နှင့်အညီ ခွင့်ပြုပေးတော်မူခဲ့သည့်အတွက် မြတ်ဗုဒ္ဓ၏အလိုတော်ကျဖြစ်ခြင်း၊ ဝါဆိုချိန်ရောက်တိုင်း ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကို အကြောင်းပြု၍ ဆရာတော်ကြီးများအား အရှက်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ခွင့်ရရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခွင့်ရရှိခြင်းတို့မှာ ကောင်းမြတ်သည့်အခွင့်ကောင်း၊ အစဉ်အလာကောင်းများကို ထိန်းသိမ်းရာရောက်သည်။ ရည်ရွယ်သတ်မှတ်ထားသည့်အချိန်အခါရောက်တိုင်း ဆည်းပူးအားထုတ်ရသည့်အတွက် "အာစိဏ္ဏကံ" ကုသိုလ်ကိုလည်း ဖြည့်ကျင့်ရာရောက်ပေသည်။

မြတ်စွာဘုရားရှင်သည် သံဃာ့အဖွဲ့အစည်းကြီးကိုစတင်တည်ထောင်စဉ်က အရိယာသံဃာတော်များနှင့်စတင်တည်ထောင်ခဲ့ပြီး သာသနာအစောပိုင်းကာလတွင် ရဟန်းတော်များဝတ်ရုံသုံးစွဲရန်အတွက် "တိစီဝရိတ်" ဟုခေါ်သည့် သုံးထည်သောသင်္ကန်းကိုသာခွင့်ပြုတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်က ရဟန်းတော်များဝါဆိုဝါကပ်ရန် သတ်မှတ်ခွင့်ပြုပေးခဲ့တော်မူခဲ့သောကာလမှာ မိုးတွင်းကာလဖြစ်သည်။ ရဟန်းတော်များအနေဖြင့် မိမိတို့သီတင်းသုံးရာကျောင်းတိုက်တာနှင့်ညဥ့်ကင်း၍ ခရီးထွက်ခွာခြင်းမပြုရန် အကယ်၍ မဖြစ်မနေခရီးသွားရမည့်ကိစ္စရှိပါကလည်း ဝါပန်၍သွားရောက်ရန်စသည်ဖြင့် သိက္ခာပုဒ်များပညတ်တော်မူခဲ့သည်။

ထိုမိုးတွင်းကာလအတွင်း ကျောင်းတိုက်တာပြင်ပဖြစ်သည့် မြို့ရွာအတွင်းသို့သွားရမည့်ကိစ္စ၊ ခရီးဝေး သွားရမည့်ကိစ္စ ပေါ်ပေါက်၍ သွားလာရသည့်အခါ ခရီးသွားလာရင်းမိုးစိုမိုးမိခဲ့ပါက ရေစိုသင်္ကန်းအား ခြောက်သွေ့သည့် အပိုသင်္ကန်းဖြင့်လဲလှယ်ဝတ်ရုံရန် အပိုသင်္ကန်းထားရှိခွင့်နှင့် မိုးရွာစဉ်မိုးရေချိုးသည့်အခါ၌လည်း ရေစိုခံမည့် မိုးရေခံသင်္ကန်းချုပ်ဆိုးခွင့်၊ ဝတ်ရုံခွင့်တို့ကို ထိုစဉ်ကမြတ်စွာဘုရားရှင်ခွင့်ပြုတော်မူခြင်း မရှိသေးသည့်အတွက် မိုးရေခံသင်္ကန်းနှင့်စပ်လျဉ်း၍ ရဟန်းတော်များအခက်အခဲဖြစ်ကြရသည်။ ထိုခက်ခဲမှုကို သိရှိသည့် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအမကြီးဝိသာခါက ဘုရားရှင်ထံ"မိုးရေခံသင်္ကန်း" လှူဒါန်းခွင့်လျှောက်ထားခဲ့ရာ မြတ်စွာဘုရားရှင်က မိုးရေခံသင်္ကန်း အလှူခံသုံးစွဲခွင့်ကို ဝိနည်းသိက္ခာပုဒ်နှစ်ခုပညတ်၍သုံးစွဲရမည့် ကာလနှင့် အတိုင်းအတာအရွယ်အစားပမာဏကိုခွင့်ပြုတော်မူခဲ့သည်။

ထိုစဉ်က မိုးရေချိုးသောအခါတွင် အသုံးပြုရန်မိုးရေခံသင်္ကန်းလှူဒါန်းခဲ့ကြသော်လည်း နောင်တွင် မိုးရာသီဖြစ်သောဝါတွင်းသုံးလတွင် ဝါဆိုဝါကပ်တော်မူကြသောရဟန်းတော်တို့အား လှူဒါန်းကြသည့် အတွက် "ဝါဆိုသင်္ကန်း"ဟုပြောင်းလဲခေါ်ဝေါ်သုံးစွဲလာကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ ဝါဆိုလတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် ထုံးတမ်းအစဉ်အလာတစ်ရပ်အနေဖြင့်တည်ရှိလာခဲ့သည်။ ဝါဆိုသင်္ကန်း ကပ်လှူခြင်းမှာ ဝိနည်းတော်နှင့်အညီ လှူဒါန်းခွင့်ရရှိခြင်း၊ ကာလဒါနဖြစ်ခြင်းတို့ကြောင့် မွန်မြတ်သည့် အလှူဒါနဟုခေါ်ဆိုရမည်ဖြစ်သည်။

မြတ်စွာဘုရားရှင်ခွင့်ပြုတော်မူအပ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသောပစ္စည်းတို့ အနက် ဝါတွင်းကာလအတွင်း သင်္ကန်းဖြင့်မပင်ပန်းကြစေရန် လှူဒါန်းကြရခြင်းဖြစ်သည့်အတွက် သင်္ကန်း လှူဒါန်းသူများအနေဖြင့် "ရွှေသို့အဆင်း၊ မြူကြေးကင်း၍၊ ရောင်ဝင်းထိန်ပ၊ နူးညံ့ရ၏။ မကသိန်းဖိုး၊ ပုဆိုး ရလေ၊ ညို့ရွှေဖြူနီ၊ ဤရှစ်လီသည်၊ ကျမ်းညီသင်္ကန်းလှူကျိုးတည်း"ဟူသော သင်္ကန်းအကျိုးရှစ်မျိုးရရှိနိုင်သည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဝါဆိုချိန်ရောက်တိုင်း ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းတို့ကို အစဉ်အမြဲလှူဒါန်းကြသည့် ကာလဒါနကုသိုလ်ဖြစ်ခြင်းကြောင့် "သောတာပန်နှယ်၊ ဂုဏ်ရည်ကြွယ်၍၊ လေးဝပါယ်ဘေး၊ လွတ်ကင်းဝေး" နိုင်ကြောင်းကိုလည်း ကျမ်းဂန်အဆိုအမိန့်များအရသိရသည်။

မြန်မာနိုင်ငံသည်ထေရဝါဒဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံဖြစ်ပြီး မြတ်ဗုဒ္ဓ၏တရားဓမ္မနှင့်အညီနေထိုင် လျက်ရှိကြသောကြောင့် အေးချမ်းသာယာသောနိုင်ငံအဖြစ် ကမ္ဘာကမှတ်တမ်းပြုထားသည်။ သာသနာတော်သုံးရပ်တည်တံ့ခိုင်မာရေး၊ ထွန်းကားပြန့်ပွားရေးအတွက် သံဃာတော်များက ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် သာသနာတော်စောင့်ရှောက်နေကြသလို လူပုဂ္ဂိုလ်များကလည်းလှူဒါန်းမှုအစုစုဖြင့် သာသနာတော်ကို ပံ့ပိုးပေးကြသည့်အတွက် သာသနာတော်သည် ယနေ့တိုင်အမွန့်ရှည်တည်တံ့နေခြင်းဖြစ်သည်။ ကုသိုလ်ကောင်းမှုတစ်စုံတစ်ခုပြုလုပ်နေချိန်၌ လောဘ၊ ဒေါသ၊ မာန၊ ဣဿာမစ္ဆရိယစသော စိတ်၏အညစ်အကြေး အပြစ်အနာအဆာများမရှိသဖြင့် ကုသိုလ်ကောင်းမှုပြုနေသူများအတွက် ဝမ်းသာရွှင်ပျချမ်းသာမှုကိုရကြသည်။ ဘုရား၊ တရားနှင့်သံဃာတို့သည် ကြည်ညိုကိုးကွယ်သူတို့၏နှစ်သက်မှုကိုဖြစ်စေတတ်သည့်အတွက် ရတနာမည်သည်။ ထို့ကြောင့် ရတနာသုံးပါးသည်လောကတွင်အမွန်မြတ်ဆုံးဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် တစ်နှစ်လျှင်တစ်ကြိမ်သာလှူဒါန်းခွင့်ရသည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းမှာ လွန်စွာပီတိဖြစ်ဖွယ် မွန်မြတ်သည့်အလှူဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥဩဆွဲရန်

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်(သောကြာနေ့) (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥဩဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့်မော်တော်ယာဉ်များခေတ္တရပ်ပြီး ဟွန်းတီး စေရေးတို့အတွက် လက်အောက်ဌာန/ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ကွန်ဟိန်း၊ ဒေသဖွံ့ဖြိုးရေး

# ကျေးလက်ကုန်ထုတ်လမ်း တံတားများဖောက်လုပ်လျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုင်းမွန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာဧက ၂၅၀ ကျော်မှထွက်ရှိသည့် ပြောင်းနှင့် အခြားသောစိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတား ဖောက်လုပ်နေမှုအခြေအနေများကို ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဆိုင်းမွန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ရန် မြေနေရာရှင်းလင်းခြင်း၊ လမ်းများချဲ့ထွင်ခြင်း၊ မြေသားတင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ၎င်းလမ်းပေါ်ရှိ အလျား ၈ ပေ၊ အနံ ၂၂ ပေ အမြင့် ၅ ပေရှိ Slab Culvert တံတားတစ်စင်းတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် ၅ ဖာလုံ၊ အကျယ် ၁၆ ပေ၊မြေသားထု ၂ ပေ၊ သဲဖြူနှင်း ၉ လက်မထုရှိ မြေသားလမ်းသဲဖြူနှင်းခင်းခြင်းလုပ်ငန်း အမျိုးအစားဖြစ်ပြီး ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၂၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် နောင်ရဲရင့်ကုမ္ပဏီနှင့် မြင့်မြတ်ခြယ်ကုမ္ပဏီတို့မှ အဆိုပါကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ဇွန်လ တတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများအားလုံး ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကာရံ(ကျေးလက်)**


## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၁၈-၇-၂၀၂၄(ကြာသပတေးနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၅ ဓမ္မပူဇာတေး
၃။ ၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၇း၅၀ မြန်မာ့ရှုခင်း
၅။ ၈း၃၅ သုတရသစုံလင်ဗဟုသုတပုံပြင်
၆။ ၉း၁၅ ကျန်းမာသုတ
၇။ ၁၁း၁၅ ပြည်သူ့ကြားက ပြည်သူ့စကား
၈။ ၁၁း၅၅ သီချင်းလက်ဆောင်
၉။ ၁၃း၁၀ အမှတ်တရနေ့ရက်များ
၁၀။ ၁၇း၅၀ စာဆိုစစ်သည်ကလောင်ရှင်များ
၁၁။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း မဖွှိမအလင်း အပိုင်း(၄)**

**MWD Variety Channel**

၁။ ၉း၂၀ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်
၂။ ၁၀း၁၅ စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
၃။ ၁၁း၄၆ ကြယ်ပွင့်များရဲ့ ခြေလှမ်းသစ်
၄။ ၁၂း၃၁ လောကကိုအလှဆင် ပန်းတို့ဥယျာဉ်
၅။ ၁၄း၁၀ မှတ်တမ်းအစီအစဉ်
၆။ ၁၆း၁၅ အားကစားနည်း သမိုင်းကြောင်း



မြဝတီ နေ့စဉ်
The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော်  ဇူလိုင်  ၁၇

# e-ID စနစ်အတွက် နည်းပညာဆိုင်ရာဆောင်ရွက်ချက်များကို အိန္ဒိယနိုင်ငံမှ နည်းပညာရှင်များက လေ့လာသုံးသပ်အကြံပြုဆွေးနွေးပွဲကျင်းပ




လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် e-ID စနစ်အတွက် နည်းပညာဆိုင်ရာဆောင်ရွက်ချက်များကို အိန္ဒိယနိုင်ငံမှ နည်းပညာရှင်များက လေ့လာသုံးသပ်အကြံပြုဆွေးနွေးပွဲကို ယမန်နေ့ညနေ ၃ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဆွေးနွေးပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အိန္ဒိယနိုင်ငံ Aadhaar စနစ်သည် အောင်မြင်သည့် နည်းပညာတစ်ခုဖြစ်ပြီး ယင်း Aadhaar စနစ်ကိုလေ့လာ၍ ယခု e-ID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ e-ID စနစ်သည် မြန်မာနိုင်ငံ၏ e-Government စနစ်အတွက် အခြေခံအကျဆုံး လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ၏ e-ID စနစ်အတွက် လူတစ်ဦးချင်းစီ၏ Biographic/Biometric ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်နှင့် ဆက်စပ်၍ဝန်ကြီးဌာနများ၊ အခြားသော အဖွဲ့အစည်းများနှင့်ချိတ်ဆက်ကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ Development Partnership Administration Mr. Anish Kumar ဦးဆောင်သော National Institute of Smart Government (NISC) နှင့် Modular Open-Source Identity Platform(MOSIP) တို့မှ နည်းပညာရှင် ကိုယ်စားလှယ်များကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

ယင်းနောက် လက်ရှိ e-ID စနစ်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နည်းပညာဆိုင်ရာအဖွဲ့နှင့် အိန္ဒိယနိုင်ငံ နည်းပညာဆိုင်ရာကိုယ်စားလှယ်အဖွဲ့တို့သည် နည်းပညာဆိုင်ရာဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး အဆိုပါဆွေးနွေးပွဲကို ယနေ့တွင်ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၏ e-ID စနစ်နှင့်ပတ်သက်၍ နည်းပညာဆိုင်ရာလိုအပ်ချက်များအပေါ် အိန္ဒိယနိုင်ငံမှ နည်းပညာရှင်များက သုံးသပ်အကြံပြုကာ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

---

နေပြည်တော်  ဇူလိုင်  ၁၇

# မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ လက်ခံတွေ့ဆုံ



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေသည် မြန်မာနိုင်ငံဆိုင်ရာဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် မွန်(န)ဝါ ဟူစိန် (H.E. Dr.Md. Monwar Hossain) ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော်  ဇူလိုင်  ၁၇

# ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNFPA တို့အကြား လုပ်ငန်းအစီအစဉ်(Workplan) ရေးထိုးဆောင်ရွက်နိုင်ရေးနှင့် လူသားချင်းစာနာမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် UNFPA ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော်  ဇူလိုင်  ၁၇

# ခန္တီးမြို့၊ မြို့မဈေးအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ခန္တီးမြို့၊ မြို့မဈေးအတွင်း မြစ်ရေကျချိန်တွင် ကျန်ရှိခဲ့သည့်အမှိုက်များ၊ နုန်းသဲများအား နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဈေးသူ/ ဈေးသားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခန္တီးမြို့၊ မြို့မဈေးအတွင်း မြစ်ရေကျချိန်တွင် ကျန်ရှိခဲ့သည့် အမှိုက်များနှင့် နုန်းသဲများကို သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

စစ်တောင်းမြစ်ဝှမ်းတွင် ပေါင်းလောင်းချောင်း၊ ဆင်သေချောင်း၊ ငလိုက်ချောင်း၊ ယုံးဘင်ချောင်း၊ ဆွာချောင်း၊ ခပေါင်းချောင်း၊ သောက်ရေခပ်ချောင်း၊ ဖြူးချောင်း၊ ကွန်းချောင်း၊ ရဲနွယ်ချောင်း၊ ရွှေကျင်ချောင်းဟူ၍ အဓိကချောင်းကြီး ၁၁ ခုနှင့် တခြားချောင်းငယ်များဖြစ်သော ဘောဂထ၊ ကျောက်ကြီး၊ တုံကန်၊ ကောလိယ၊ ဘိုင်းဒါးအစရှိသည့် ချောင်းများလည်း စီးဝင်နေသည်။

အဆိုပါချောင်းကြီး ၁၁ ချောင်း၏အခြေအနေများကို နှိုင်းယှဉ်လေ့လာနိုင်ရန် ဖော်ပြပါမည်။

**စစ်တောင်းမြစ်ဝှမ်းရှိ အဓိကချောင်းကြီး ၁၁ ခု၏အချက်အလက်များ**

| စဉ် | မြစ်အမည် | ရေဖမ်းဧရိယာ | | ရေထုစီးနှုန်း | | နှစ်စဉ်စီးဝင်ရေ | |
|---|---|---|---|---|---|---|---|
| | | စတုရန်းမိုင် | စတုရန်းကီလိုမီတာ | ကုဗပေ/စက္ကန့် | ကုဗမီတာ/စက္ကန့် | ဧကပေသန်း | ကုဗကီလိုမီတာ |
| ၁ | ဆင်သေ | ၁၀၂၀ | ၂၆၅၀ | ၁၅၃၀ | ၄၃. ၄ | ၁. ၁၁ | ၁. ၃၇ |
| ၂ | ငလိုက် | ၄၀၉ | ၁၀၆၀ | ၆၆၈ | ၁၉ | ၀. ၄၉ | ၀. ၆ |
| ၃ | ပေါင်းလောင်း | ၁၈၆၁ | ၄၈၂၁ | ၅၅၂၀ | ၁၅၇ | ၄. ၀၁ | ၄. ၉၅ |
| ၄ | ယုံးဘင် | ၆၀၂ | ၁၅၆၀ | ၁၂၁၀ | ၃၄. ၃ | ၀. ၈၈ | ၁. ၀၉ |
| ၅ | ဆွာ | ၅၈၄ | ၁၅၁၀ | ၁၂၈၀ | ၃၆. ၃ | ၀. ၉၃ | ၁. ၁၅ |
| ၆ | ခပေါင်း | ၆၁၆ | ၁၆၀၀ | ၁၉၂၀ | ၅၄. ၄ | ၁. ၃၉ | ၁. ၇၂ |
| ၇ | သောက်ရေခပ် | ၉၂၅ | ၂၄၀၀ | ၅၆၇၁ | ၁၆၁ | ၄. ၁၃ | ၅. ၁ |
| ၈ | ဖြူး | ၅၂၇ | ၁၃၇၀ | ၂၂၀၀ | ၆၂. ၆ | ၁. ၆ | ၁. ၉၈ |
| ၉ | ကွန်း | ၆၀၀ | ၁၅၅၅ | ၂၉၉၀ | ၈၄. ၈ | ၂. ၁၇ | ၂. ၆၈ |
| ၁၀ | ရွှေကျင် | ၆၇၆ | ၁၇၅၀ | ၆၈၃၀ | ၁၉၄ | ၅. ၀၆ | ၆. ၂၅ |
| ၁၁ | ရဲနွယ် | ၆၉၀ | ၁၇၉၀ | ၃၇၇၀ | ၁၀၇ | ၃. ၃၈ | ၄. ၁၇ |
| | စုစုပေါင်း | ၈၅၁၀ | ၂၂၀၆၆ | ၃၃၅၈၈ | ၉၅၃. ၈ | ၂၅. ၁၅ | ၃၁. ၀၆ |

ဤချောင်းများကို ထိန်းချုပ်မှုသာလျှင် စစ်တောင်းမြစ်ဝှမ်းတွင် နှစ်စဉ်ရေကြီးနစ်မြုပ်နေသည့်ဘေးမှ လွတ်မြောက်မည်ဟု UN Mission က လေးလေးနက်နက်အကြံပြုခဲ့သည်။ အထူးသဖြင့် မြေပြန့်ဖြစ်နေသော ပြွန်တန်ဆာလွင်ပြင် (Pyuntaza Plain) သည် အဆိုးဆုံးဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်အထိ စီမံကိန်းများ မဆောင်ရွက်နိုင်သေး၍ ပြွန်တန်ဆာလွင်ပြင်ရေကြီးမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်း၊ ကားလမ်းများ၊ ရွာများ၊ မြို့များ၊ လယ်မြေများ နှစ်စဉ်ရေနစ်မြုပ်ပြီး ပျက်စီးဆုံးရှုံးမှုကြီးမားခဲ့သည်ကို စာရေးသူတို့ နှစ်စဉ်လိုလို ကြုံခဲ့ရသည်။ အဓိကကျသော ရဲနွယ်၊ ဘိုင်းဒါးနှင့် ကောလိယချောင်းများအပြင် ချောင်းငယ်ပေါင်း ၅၀ ကျော်သည် ဤလွင်ပြင်ကို ဖြတ်သန်းစီးဆင်းနေကြ၍ မိုးရာသီတွင် ရေပြင်ကျယ်ကြီးဖြစ်နေခဲ့သည်။ ဤဒုက္ခကို ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်၊ မဒေါက် စသည့်ပဲခူးရိုးမနှင့် စစ်တောင်းမြစ်ကြားမှ မြို့အားလုံးနီးပါး နှစ်စဉ်ခံစားကြရသည်။ မိုးစပါးနှင့် ကောက်ပဲသီးနှံများစိုက်ပျိုး၍မရသည့်အတွက် ဒေသဖွံ့ဖြိုးရေးပါ နိမ့်ပါးခဲ့သည်။

ဖော်ပြခဲ့သည့်ချောင်း ၁၁ ခုကို ဦးစားပေးကိုင်တွယ်သင့်သလို အရှေ့ဘက်ခြမ်းမှ ဘောဂထချောင်းကိုပါ ကိုင်တွယ်ရန် UN Mission က ထပ်ဆင့်အကြံပြုခဲ့သည်။ ဘောဂထချောင်း၏လျှောစောက် မတ်စောက်မှုကြောင့်လည်းကောင်း၊ နှစ်စဉ်ပျမ်းမျှ ရေစီးနှုန်း ၂၆ ဒသမ ၄ ကုဗမီတာ/စက္ကန့် (၉၂၈ ကုဗပေ/စက္ကန့်) ရှိသည့်အတွက်ကြောင့်လည်းကောင်း ဓာတ်အားထုတ်လုပ်ရန် အခွင့်အလမ်းများကြောင်း အကြံပြုခဲ့သည်။

ဖော်ပြခဲ့သော ချောင်းအားလုံးကိုပေါင်းစုသုံးသပ်ပြီး မြေပြန့်နှင့်နီး၍ အကျိုးကျေးဇူးမြန်မြန်ရနိုင်သော ရေထုစီးနှုန်းကောင်းမွန်သည့် ပေါင်းလောင်း၊ သောက်ရေခပ်နှင့် ဘောဂထချောင်းရေအရင်းအမြစ်များကို ဦးစားပေးကိုင်တွယ်ရန် အကြံပြုခဲ့သည်။

၁၉၈၃ ခုနှစ်ကတင်သွင်းခဲ့သည့် Norconsult AS ၏အစီရင်ခံစာအရ ပေါင်းလောင်းစက်ရုံမှထွက်ရှိလာမည့် ဓာတ်အားတစ်ယူနစ်၏ ထုတ်လုပ်မှုစရိတ်သည် ၄ ဒသမ ၆ USc/kWh (၁၉၈၀-၁၉၈၁ ဈေးနှုန်း) သာ ရှိမည်ဟုလည်း ဖော်ပြခဲ့သည်။ ထိုစဉ်က ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ (Coal-fired Power Plant) မှ ထုတ်လုပ်သော ဓာတ်အားတစ်ယူနစ်ကုန်ကျစရိတ်သည် ၅ ဒသမ ၉ USc/kWh ဖြစ်သည်။ နှိုင်းယှဉ်ပါက ဓာတ်အားတစ်ယူနစ်တိုင်းတွင် ၁ ဒသမ ၃ USc သက်သာသည့်အတွက် နှစ်စဉ်ဓာတ်အားယူနစ်သန်းပေါင်း ၉၁၁ ထုတ်လုပ်မည့် ပေါင်းလောင်းစက်ရုံ (အောက်ပေါင်းလောင်း) တစ်ရုံ၏ ဓာတ်အားခဈေးနှုန်းသက်သာမှုသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၁ သန်းခန့်ရှိသည်ဟုဆိုသည်။

(USc = United States cent, (100 USc= 1 US Dollar))

၁၉၆၄ ခုနှစ် စက်တင်ဘာလက UN Mission က တင်သွင်းခဲ့သော အစီရင်ခံစာအရ စစ်တောင်းမြစ်ဝှမ်းတစ်ခုလုံးတွင်ရှိနေသော နှစ်စဉ်ပြန်လည်ပြည့်ဖြိုးနေသော ရေအရင်းအမြစ်ကို စနစ်တကျသုံးစွဲခြင်းဖြင့်ပင် မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ၂၄၀၀ မဂ္ဂါဝပ်တပ်ဆင်၍ နှစ်စဉ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၂၁၀၀၀ ခန့် ထွက်ရှိလာနိုင်သည်ဟု ဖော်ပြသည်။ ဤစီမံကိန်းများ၏ထက်ဝက်ကို ဇောက်ချ၍ဆောင်ရွက်လျှင်ပင် နှစ်စဉ်ဓာတ်အားထုတ်လုပ်မှုကီလိုဝပ်နာရီသန်းပေါင်း ၁၁၀၀၀ ခန့်ရရှိမည်ဟုဆိုသည်။ မြန်မာနိုင်ငံ၏ဓာတ်အားစနစ်တွင် ဘီလူးချောင်းအမှတ်(၂)ဓာတ်အားပေးစက်ရုံ ပထမစက်သုံးလုံး၏တပ်ဆင်အင်အား ၈၄ မဂ္ဂါဝပ်သာရှိနေသေးသောကာလတွင် ဤအစီရင်ခံစာတင်သွင်းခဲ့ခြင်းဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းစီမံကိန်းများအားလုံးကို ဆောင်ရွက်ရန်မှာ ထိုစဉ်က ငွေကြေးအခြေအနေနှင့် လက်နက်ကိုင်ပဋိပက္ခများ၏အခြေအနေကိုသိ၍ ထက်ဝက်ခန့်ကိုသာ ရည်ညွှန်းခဲ့ခြင်းဖြစ်ဟန်တူသည်။

> "အစီရင်ခံစာအရ စစ်တောင်းမြစ်ဝှမ်းတစ်ခုလုံးတွင် ရှိနေသော နှစ်စဉ်ပြန်လည်ပြည့်ဖြိုးနေသော ရေအရင်းအမြစ်ကို စနစ်တကျသုံးစွဲခြင်းဖြင့်ပင် မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ၂၄၀၀ မဂ္ဂါဝပ်တပ်ဆင်၍ နှစ်စဉ်ဓာတ်အားကီလိုဝပ်နာရီ သန်းပေါင်း ၂၁၀၀၀ ခန့် ထွက်ရှိလာနိုင်သည်ဟု ဖော်ပြသည်..."

အကောင်အထည်ဖော်မည့်တာဝန်ရှိသူများသည် မြစ်တစ်စင်း၊ ချောင်းတစ်ချောင်းတွင် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုထက်ပို၍ ဆောင်ရွက်နိုင်သည့်အခြေအနေရှိပါက မည်သည့်စီမံကိန်းကို ပထမဦးစွာ စတင်ဆောင်ရွက်ရမည် (ဦးစားပေးစီမံကိန်းရွေးချယ်မှု) ကို သိကြသည်။

သို့သော် အဆိုပါ မြစ်၊ ချောင်းများရှိရာဒေသတွင် လက်နက်ကိုင်ပဋိပက္ခကိစ္စမှာ ငါးနှစ်လည်းမရပ်၊ ၁၀ နှစ်လည်းမရပ်၊ နှစ် ၂၀ လည်း ညှိနှိုင်းမှုမပြေလည်သည့်အခါ ပြည်သူတို့၏ဓာတ်အားလိုအပ်ချက်ကို ပြန်လည်ငဲ့ညှာတွက်ချက်ပြီး အဆင့်ကျော်၍အကောင်အထည်ဖော်လိုက်ရသည့်စီမံကိန်းများလည်း ရှိခဲ့သည်။

ဥပမာအားဖြင့် သောက်ရေခပ်ချောင်းပေါ်တွင် ၁၅၀ မဂ္ဂါဝပ်ဝန်းကျင်ခန့် တပ်ဆင်အင်အားရှိသော ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုအထိ ပြုလုပ်နိုင်သည်။ တောင်ငူ-မော်ချီးလမ်းပေါ်ရှိ ပလက်ဝတံတား၏အထက်ဘက် သုံးမိုင်ခန့်အကွာတွင် သောက်ရေခပ်(၁) စီမံကိန်းကိုလည်းကောင်း၊ တောင်ငူမြတ်စောညီနောင်ဘုရား၏အရှေ့ဘက် ထုံးဘိုရွာအနီးတွင် သောက်ရေခပ် (၂) စီမံကိန်းကိုလည်းကောင်း ဆောင်ရွက်နိုင်သည်။ ဆောင်ရွက်ရမည့်အစီအစဉ်မှာ သောက်ရေခပ်(၁) (အပေါ်သောက်ရေခပ်) ကို ဦးစွာဆောင်ရွက်ရန်ဖြစ်သည်။ ဤအစီအစဉ်အတိုင်း ဆောင်ရွက်ရန်အသေးစိတ် ကွင်းဆင်းလေ့လာပြီးဖြစ်သည်။

နှစ်ပေါင်း ၅၀ ခန့်ကြာသည်အထိ ရှေ့ဆက်ဆောင်ရွက်နိုင်မည့်လမ်းစမမြင်၍ သောက်ရေခပ်-၂ (အောက်သောက်ရေခပ်) ကိုသာ ဦးစွာဆောင်ရွက်လိုက်ရသည်။ ၂၀၁၅ ခုနှစ်တွင် တပ်ဆင်အင်အား ၁၂၀ မဂ္ဂါဝပ်ဖြင့် ပြီးစီးခဲ့သည်။ အကယ်၍သာ သောက်ရေခပ် (၁) ကို ဦးစွာစတင်၍ သောက်ရေခပ်(၂) ကို နောက်မှဆောင်ရွက်လျှင် သောက်ရေခပ် (၂) ၏-

(က) ရေပိုလွှဲအရွယ်ကို လျှော့ကျစေနိုင်သည်။
(ခ) ရေလွှဲဥမင်လိုဏ်အရွယ်အစား လျှော့ချနိုင်မည်။
(ဂ) တမံအမြင့်အနည်းငယ်လျှော့ချနိုင်သည်။
(ဃ) တမံအမြင့်အနည်းငယ်လျှော့ချနိုင်လျှင် ကုန်းကျောတမံသုံးခု၏ လုပ်ငန်းပမာဏ သိသိသာသာလျှော့ချနိုင်မည်။
(င) စီမံကိန်းကုန်ကျစရိတ် လျှော့သွားနိုင်သည်။

နှစ်စဉ်ဓာတ်အားထုတ်လုပ်မှုမှာမူ လျှော့ကျမသွားနိုင်ပါ။

**ဆက်လက်ဖော်ပြပါမည်။**

ရန်ကုန်၊ ငါးသယံဇာတ

# ယခုဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ငါးသားပေါက်အကောင်ရေ သိန်းတစ်ထောင်ကျော်ထုတ်လုပ်မည်



ယခုဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ငါးသားပေါက်အကောင်ရေ သိန်းတစ်ထောင်ကျော်ထုတ်လုပ်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ဒီဘဏ္ဍာနှစ်မှာ ငါးသားပေါက်အကောင်ရေ ၁၀၁၆ သိန်းထုတ်လုပ်ပြီး ၄၀ ရာခိုင်နှုန်းကို မျိုးစိုက်ထည့်ပြီး ၆၀ ရာခိုင်နှုန်းကို ရောင်းချမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ငါးသားပေါက်မျိုးစိုက်ထည့်တာကတော့ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနဲ့ ငါးခုံးမကြီးတို့ကို မျိုးစိုက်ထည့်သွားမှာပါ။ ရောင်းချတာကတော့ ဒေသမှာဝယ်လိုအားရှိတဲ့ ငါးမျိုးတွေထုတ်လုပ်ပြီး ရောင်းချမှာဖြစ်ပါတယ်။ ဧပြီလကစပြီး လျာထားချက်နဲ့အညီ တစ်နှစ်ပတ်လုံးဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ် ဇွန်လကုန်အထိ မြစ်ချောင်းများ၊ သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်မှုအနေဖြင့် အကောင်ရေ ၁၁၃ ဒသမ ၀၉၅ သိန်းရှိပြီဖြစ်ပြီး ရောင်းချမှုမှာ အကောင်ရေ ၇၈ ဒသမ ၇၂၉ သိန်းရှိကြောင်း၊ ဆက်လက်၍ စိုက်ထည့်မည့်လျာထားချက်၊ ရောင်းချမည့်လျာထားချက်များပြည့်မီနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးရိက္ခာဖူလုံစေရန်နှင့် ကျေးလက်နေပြည်သူများ ငါးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ငါးမျိုးစိုက်ထည့်ခြင်းနှင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝန်းရံခ**

နေပြည်တော် ဇူလိုင် ၁၇

# မြန်မာ-ရုရှား စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှုအတွေ့အကြုံဖလှယ်ခြင်း ဆွေးနွေးပွဲပြုလုပ်




မြန်မာ-ရုရှား စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှုအတွေ့အကြုံဖလှယ်ခြင်း ဆွေးနွေးပွဲကျင်းပစဉ်။

မြန်မာ-ရုရှား စစ်ဘက်ကျန်းမာရေး စောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)၌ကျင်းပပြုလုပ်ရာ မြန်မာ့တပ်မတော်မှ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်နှင့် တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပင်မတပ်မတော်ဆေးဘက်ဆိုင်ရာညွှန်ကြားမှုဦးစီးဌာနမှ Major General Denis Vladimirovich DAVYDOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များက အဖွင့်အမှာစကားများ အသီးသီးပြောကြားကြပြီး စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံများအား အပြန်အလှန်သုံးသပ်ဆွေးနွေးခြင်း၊ ဆေးဘက်ဆိုင်ရာသုတေသနပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ရောဂါကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ ဆေးပညာရပ်ဆိုင်ရာ အဆင့်မြင့်သင်တန်းများ စေလွှတ်တက်ရောက်နိုင်ရေးကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာရပ်ဆိုင်ရာ သင်ကြားရေးနှင့် လေ့ကျင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဆေးတပ်ဖွဲ့များအကြား ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား ဆွေးနွေးကြသည်။ ယင်းနောက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး သမိုင်းမှတ်တမ်း Video Clip ကို ကြည့်ရှုကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ရုရှားတပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့သည် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)၊ ထိခိုက်ဒဏ်ရာနှင့်အရိုးရောဂါကုသမှုဌာနသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပင်မတပ်မတော်ဆေးဘက်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးအား ဂါရဝပြုတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပင်မတပ်မတော်ဆေးဘက်ဆိုင်ရာညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်များသို့ သွားရောက်လေ့လာခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

---

နေပြည်တော် ဇူလိုင် ၁၇

# နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့၌ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲများကျင်းပ

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပုဗ္ဗသီရိအားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၅ သင်းဖြင့် ဇူလိုင်လ ၂၄ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရှိရသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အားကစားသမားများ၏ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါတိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇူလိုင်လ ၂၄ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၀၀)

---

နေပြည်တော် ဇူလိုင် ၁၇

# မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအားတွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံပွဲကိုဆက်လက်ပြုလုပ်ရာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

## အချင်းချင်းညီညွတ်ရေး

တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေး နစ်ခု မရှိသမျှကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင်လွတ်လပ်ငြားသော်လည်း ဘယ်ပါတီ တက်တက်၊ ဘယ်အစိုးရလုပ်လုပ် ဗာသည်တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ကာ ဒီနစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါအင်မတန်အရေးကြီးပါတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် မြို့တော်ခန်းမကြီး၌ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



နေပြည်တော် ဇူလိုင် ၁၇

## မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီးအား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေးနှင့် ပြည်သူချင်းထိတွေ့ဆက်ဆံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၇

## ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) ရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Jaime Nadal Roig ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယမန်နေ့ မွန်းလွဲပိုင်းက ကျန်းမာရေးဝန်ကြီးဌာန၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) အကြား ပူးပေါင်းဆောင်ရွက်နေသည့် မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ မိသားစုစီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ မိတ်ဖက်အဖွဲ့အစည်း၏ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုများကို နှစ်ဦးနှစ်ဖက် ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများတွင် သင်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်(ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ်(ကုသရေးဦးစီးဌာန)နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



နေပြည်တော် ဇူလိုင် ၁၇

## ကမ်းလွန်စီမံကိန်းများနှင့် ကုန်းတွင်းလုပ်ကွက်များမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကမ်းလွန်စီမံကိန်းများနှင့် ကုန်းတွင်းလုပ်ကွက်များမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ရှာဖွေထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အောက်မြန်မာပြည်ရုံးခွဲ (စိမ်းလဲ့မေ)၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကမ်းလွန်စီမံကိန်းများနှင့် မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတွင် ထုတ်လုပ်ရေးတွင်းနှင့် ရှာဖွေရေးတွင်းများ တူးဖော်ဆောင်ရွက်သွားမည့်အခြေအနေ၊ ဘုရားကုန်းဒေသ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရန် တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မှုရလဒ်အပေါ် လေ့လာဆန်းစစ်တွက်ချက်မှုအခြေအနေနှင့် လာမည့်ပွင့်လင်းရာသီအတွင်း စပါးကြီးစမ်း၊ နတ်စင်ကုန်းဒေသတို့တွင် ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကိုတင်ပြကြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က နိုင်ငံတော်၏ စွမ်းအင်လုံခြုံမှုရှိရေးသည် မိမိတို့ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သဖြင့် အစီအမံများ သေချာစွာချမှတ်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများနှင့် ရေနံချက်စက်ရုံ စီမံကိန်းများအတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့ ပံ့ပိုးပေးနိုင်ရေး အလေးထားရည်မှန်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပွင့်လင်းရာသီတွင် ဆောင်ရွက်မည့် ဆိုက်စမစ်တိုင်းတာရေး၊ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို အချိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ကြိုတင်ဆောင်ရွက်နိုင်သည့်ကိစ္စများကို ပြီးပြတ်အောင် ယခုကတည်းက စီမံဆောင်ရွက်ထားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

နေပြည်တော် ဇူလိုင် ၁၇

## မိုးပိုနေမည်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

(မိုး/ဇလ)

နေပြည်တော်  ဇူလိုင်  ၁၇

# မြိတ်မြို့၊ လှည်းဘီးပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ လှည်းဘီးပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း မြိတ်မြို့၊ လှည်းဘီးပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၆၃ ပါးတို့အား အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

နေပြည်တော်  ဇူလိုင်  ၁၇

# ဥပဒေရေးရာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးအသိပညာမျှဝေဆွေးနွေးပွဲကျင်းပ

ဥပဒေရေးရာဝန်ကြီးဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဥပဒေရေးရာဝန်ကြီးဌာန၏ အသိပညာမျှဝေဆွေးနွေးပွဲကို "ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါအကြောင်းသိကောင်းစရာ" ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။


ဆွေးနွေးပွဲတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာရဲမြင့်က "ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါအကြောင်းသိကောင်းစရာ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်းက "How to fight Age Related Problems" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး ဆီးချို၊ သွေးချိုနှင့်သွေးတိုးရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ သတိပြုလိုက်နာဆောင်ခြင်ရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ ရာသီအပြောင်းအလဲကြောင့် ကျန်းမာရေးအပေါ်တွင် သက်ရောက်နိုင်သည့်အချက်များကို ရှင်းလင်းကြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့ပြင် ဥပဒေရေးရာဝန်ကြီးဌာနရှိ သတ်မှတ်နေရာများ၌ နေပြည်တော်သွားနှင့်ခံတွင်းအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဦးဆောင်သောအဖွဲ့က ဥပဒေရေးရာဝန်ကြီးဌာနရှိ အရာထမ်း/အမှုထမ်းများ၏ သွားနှင့်ခံတွင်းဆိုင်ရာရောဂါများ စစ်ဆေးကုသပေးခြင်းနှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တွဲဖက်ပါမောက္ခဒေါက်တာခင်စန္ဒာ ဦးဆောင်သောအဖွဲ့က ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| သာယာဝတီ | (၅. ၁၆)လက်မ |
| ဇလွန် | (၅. ၁၆)လက်မ |
| ကော့သောင်း | (၅. ၁၂)လက်မ |
| ပူတာအို | (၄. ၆၉)လက်မ |
| ချောင်းဆုံ | (၃. ၄၂)လက်မ |
| မြိတ် | (၂. ၅၆)လက်မ |
| ကော့ကရိတ် | (၂. ၃၂)လက်မ |
| ပဲခူး | (၂. ၂၈)လက်မ |
| ထားဝယ် | (၂. ၀၄)လက်မ |
| သီပေါ | (၁. ၉၆)လက်မ |
| ကိုကိုးကျွန်း | (၁. ၉၆)လက်မ |
| ကျိုက်မရော | (၁. ၈၅)လက်မ |


| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၅ | ၃၂ |
| ရှမ်း(မြောက်) | ၂၂ | ၃၅ |
| ရှမ်း(အရှေ့) | ၂၀ | ၃၃ |
| ရှမ်း(တောင်) | ၁၉ | ၃၀ |
| ချင်း | ၁၅ | ၂၄ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၇ | ၃၇ |
| နေပြည်တော် | ၂၆ | ၃၂ |
| မန္တလေး | ၂၈ | ၃၉ |
| မကွေး | ၂၆ | ၃၅ |
| ရခိုင် | ၂၄ | ၃၃ |
| ပဲခူး | ၂၃ | ၃၂ |
| ရန်ကုန် | ၂၄ | ၃၀ |
| ဧရာဝတီ | ၂၃ | ၃၂ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၂ | ၂၉ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၃ | ၂၈ |

နေပြည်တော်  ဇူလိုင်  ၁၇

# ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကျင်းပ




ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ဦးဆောင်၍ ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးရောင်းချပွဲကို ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဇူလိုင်လ ၁၇ ရက်မှ ၃၁ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အများပြည်သူရုံးပိတ်ရက်မှအပ-နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ)ဆေးဝါးရောင်းချခြင်းများပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေး










မြန်မာနိုင်ငံရှိ ဆေးဝါးသုံးစွဲသူပြည်သူများ ပြည်တွင်း၌ သင့်တင့်မျှတသည့်ဈေးနှုန်းများဖြင့် အဆင်ပြေစွာဝယ်ယူသုံးစွဲနိုင်ရေးနှင့် ဆေးဝါးများမပြတ်လပ်ရေးအတွက် ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံအတွက်လိုအပ်သောဆေးဝါးများကို အဆိုပါဆေးရောင်းချပွဲတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ရင်သွေးငယ်များအန္တရာယ်ကင်းဝေးရေး

**ဒေါက်တာလွင်သန့်**

**“ဆူးစူးနိုင်ပါတယ်။ အရေပြားပေါ်မှာ ဆူးစူးပါက အဆိပ်ပါဆူးကိုမဖယ်ရှားခဲ့ရင် ရောဂါပိုးဝင်ရောက်နိုင်ပါတယ်။ ဆူးစူးတာကို အလွယ်တကူဖယ်ရှားပေးနိုင်ပေမယ့် မျက်လုံးနဲ့နီးကပ်နေရင် အရိုးအဆစ်ပေါ်ရောက်နေရင် ဒါမှမဟုတ် အရေပြားအောက်နက်နက်ထဲရောက်နေရင်တော့ ဆရာဝန်အကူအညီလိုအပ်ပါတယ်။ ဆူးစူးတဲ့နေရာတစ်ဝိုက်မှာရှိတဲ့အရေပြားကို ဆပ်ပြာ၊ ရေနွေးနဲ့ ဆေးကြောသင့်ပါတယ်။ အရက်ပြန်နဲ့ပိုးသတ်ထားတဲ့ဇာဂနာကို အရေပြားနားမှာ ကပ်နိုင်သမျှကပ်ပြီး ဆူးကိုဆွဲထုတ်သင့်ပါတယ်။ ဆူးကိုဆွဲထုတ်ပြီး နာကျင်တာ ဒါမှမဟုတ် ရောင်ရမ်းတာရှိခဲ့ရင် ဆရာဝန်နဲ့ပြသသင့်ပါတယ်. . .”**

ကိုယ့်ရင်သွေးငယ်တွေ ကျန်းမာရေးကောင်းဖို့အတွက် ငယ်စဉ်ကတည်းကကျန်းမာရေးကောင်းတဲ့ အပြုအမူတွေရအောင် လေ့ကျင့်ပေးထားရပါမယ်။ ဒါ့ပြင် ကလေးငယ်တွေအန္တရာယ်ကင်းဝေးစေရေးအတွက် မိသားစုဝင်တွေအနေနဲ့ ဘယ်လိုပြုစုရမလဲဆိုတာသိရှိထားဖို့ နည်းလမ်းတွေကို သင်ယူထားသင့်ပါတယ်။

နှာခေါင်းအတွင်း ပြင်ပပစ္စည်းတစ်ခုခုဝင်ရောက်တတ်ပါတယ်။ ကလေးငယ်တွေက ပဲစေ့၊ ပုတီးစေ့နဲ့ သစ်စေ့အစရှိတာတွေ နှာခေါင်းတွင်းသို့ထိုးသွင်းတတ်ပါတယ်။ တကယ်လို့ဖြစ်လာရင် ကလေးငယ်ရဲ့ နှာခေါင်းတစ်ဖက်ကိုပိတ်ပြီး ကလေးငယ်ကို ညှစ်ထုတ်ခိုင်းသင့်တယ်။ ကလေးငယ်ကို ပါးစပ်ကအသက်ရှူခိုင်းပြီး ဆရာဝန်နဲ့ပြသသင့်ပါတယ်။

အရေပြားဒဏ်ရာရတတ်ပါတယ်။ ဒူးခေါင်းပွန်းတာ၊ တံတောင်ဆစ်ပွန်းတာ၊ အရေပြားပြတ်ရှဒဏ်ရာနဲ့ ပွန်းပဲ့ဒဏ်ရာတွေက ကလေးငယ်တိုင်း တွေ့ကြုံရတတ်ပါတယ်။

အပေါ်ယံပွန်းပဲ့ဒဏ်ရာအတွက် အနာကို ဆားရည် ဒါမှမဟုတ် ရေကျက်အေးနဲ့စိမ်ထားတဲ့ အဝတ်စနဲ့ ဆေးကြောသင့်ပါတယ်။ အနာအတွင်း ဖုန်၊ သဲတွေ၊ မကျန်ရစ်ခဲ့အောင် သန့်စင်သင့်ပါတယ်။

သွေးထွက်နေတဲ့ဒဏ်ရာအတွက် အနာပေါ်ကို သန့်ရှင်းတဲ့အဝတ်စ ဒါမှမဟုတ် မျက်နှာသုတ်ပုဝါနဲ့ သွေးတိတ်တဲ့အထိ ဖိထားသင့်ပါတယ်။ ဒဏ်ရာရတဲ့ ခြေ၊ လက်အစိတ်အပိုင်းကို မြှောက်ထားပေးရပါမယ်။ ဒါမှ သွေးစီးဆင်းမှုနှေးသွားပြီး သွေးထွက်တာကို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ သွေးတိတ်သွားရင် ဒဏ်ရာကို ဆားရည် ဒါမှမဟုတ် ရေကျက်အေးနဲ့ စိမ်ထားတဲ့ အဝတ်စနဲ့သန့်စင်သင့်ပါတယ်။ အနာကို သန့်စင်တဲ့အဝတ်စနဲ့ ဖုံးထားသင့်ပါတယ်။

ဆူးစူးနိုင်ပါတယ်။ အရေပြားပေါ်မှာ ဆူးစူးပါက အဆိပ်ပါဆူးကိုမဖယ်ရှားခဲ့ရင် ရောဂါပိုးဝင်ရောက်နိုင်ပါတယ်။ ဆူးစူးတာကို အလွယ်တကူဖယ်ရှားပေးနိုင်ပေမယ့် မျက်လုံးနဲ့နီးကပ်နေရင်၊ အရိုးအဆစ်ပေါ်ရောက်နေရင် ဒါမှမဟုတ် အရေပြားအောက်နက်နက်ထဲရောက်နေရင်တော့ ဆရာဝန်အကူအညီလိုအပ်ပါတယ်။

ဆူးစူးတဲ့နေရာတစ်ဝိုက်မှာရှိတဲ့ အရေပြားကို ဆပ်ပြာ၊ ရေနွေးနဲ့ဆေးကြောသင့်ပါတယ်။ အရက်ပြန်နဲ့ ပိုးသတ်ထားတဲ့ဇာဂနာကို အရေပြားနားမှာကပ်နိုင်သမျှကပ်ပြီး ဆူးကိုဆွဲထုတ်သင့်ပါတယ်။ ဆူးကိုဆွဲထုတ်ပြီး နာကျင်တာ ဒါမှမဟုတ် ရောင်ရမ်းတာရှိခဲ့ရင် ဆရာဝန်နဲ့ပြသသင့်ပါတယ်။

ပိုးမွှားကိုက်ခံရတာဖြစ်နိုင်ပါတယ်။ ပိုးမွှားကိုက်ခံရတာကြောင့် ကလေးငယ်က စူးစူးရှရှနာကျင်တဲ့ ဝေဒနာခံစားရတဲ့အတွက် အော်ငိုလေ့ရှိတတ်ပါတယ်။

ခြင်ကိုက်ခံရရင် ခြင်ကိုက်ထားတဲ့နေရာကို ၁၀ မိနစ်ခန့်ရေခဲနဲ့အုံထားပေးပါ။ ကလေးငယ်မကုတ်မိအောင် သတိထားပါ။ တအားကုတ်မိရင် ရောဂါပိုးဝင်ရောက်နိုင်ပါတယ်။ လိုအပ်ရင် ယားယံတာပျောက်အောင် Cream တစ်ခုခု လိမ်းပေးသင့်ပါတယ်။

ပျားတုပ်ခံရနိုင်ပါတယ်။ ပျားစွယ်ကို ကိုယ့်လက်သည်း ဒါမှမဟုတ် မာနေတဲ့ကတ်ပြားနဲ့ တွန်းထုတ်သင့်ပါတယ်။ ပျားစွယ်ကို မဆွဲထုတ်သင့်ပါဘူး။ အဆိပ်တွေ အရေပြားအတွင်းထိုးသွင်းသလို ဖြစ်သွားတတ်ပါတယ်။ ရောင်ရမ်းမှုလျော့သွားအောင်တုပ်ခံရတဲ့ နေရာကိုရေခဲနဲ့ ၁၀ မိနစ်ခန့်ကပ်ထားသင့်ပါတယ်။

သွားထိခိုက်ဒဏ်ရာရနိုင်ပါတယ်။ လိမ့်ကျတာ၊ ပါးစပ်ကိုအထိုးခံရတာ ဒါမှမဟုတ် မာကျောတဲ့ အရာတွေကိုက်မိတာကြောင့် ကလေးငယ်ရဲ့သွားတွေ ပျက်စီးတတ်ပါတယ်။ တကယ်လို့ ကိုယ့်ကလေးငယ်ရဲ့ နှုတ်ခမ်းပါး ဒါမှမဟုတ် ပါးစပ်မှာဒဏ်ရာရရင် သွေးထွက်တာနဲ့ ရောင်ရမ်းတာလျော့သွားအောင် ရေခဲကပ်ပေးသင့်ပါတယ်။

အဆစ်မျက်တာနဲ့ ကြွက်သားဒဏ်ဖြစ်တာတွေဖြစ်နိုင်ပါတယ်။ အဆစ်မျက်တာနဲ့ ကြွက်သားဒဏ်ဖြစ်တာကြောင့် ရောင်ရမ်းတာနဲ့နာကျင်တာတွေဖြစ်တဲ့အပြင် ဒဏ်ရာရတဲ့နေရာတစ်ဝိုက်မှာလည်း အညိုအမည်းစွဲတတ်ပါတယ်။

ဒဏ်ရာရရချင်း တစ်ရက်မှနှစ်ရက်အတွင်း နှစ်နာရီခြား ဒဏ်ရာပေါ် ရေခဲဖြင့် ၁၅ မိနစ်ခန့် ကပ်သင့်ပါတယ်။

ဒဏ်ရာရတဲ့နေရာပေါ် ဆွဲဆန့်ပတ်တီးစည်းထားသင့်ပါတယ်။ ပတ်တီးတင်းကျပ်လွန်းရင်လည်း နာကျင်နိုင်ပါတယ်။ ဒဏ်ရာရတဲ့နေရာကို မြှင့်တင်ထားသင့်ပါတယ်။

အဆိပ်ဖြစ်စေတဲ့ဆေးတွေ၊ အစာတွေ စားမိနိုင်ပါတယ်။ အဆိပ်ဆိုတာ ခန္ဓာကိုယ်အတွင်း ဝင်ရောက်သွားရင် ကျန်းမာရေးထိခိုက်စေတာ ဒါမှမဟုတ် အသက်သေဆုံးတာတွေဖြစ်နိုင်ပါတယ်။

အဆုတ်အတွင်းကို အဆိပ်ဖြစ်စေတဲ့ဓာတ်ငွေ့ရှူမိတာ(အဆိပ်ဓာတ်ငွေ့မိတာ)က တခြားအဆိပ်မိတာထက်ပိုပြီး သေစေနိုင်ပါတယ်။

အဆိပ်ဓာတ်ငွေ့မိနိုင်ပါတယ်။ အိမ်သုံးဓာတ်ငွေ့တွေ၊ မီးဖိုမှမီးခိုးတွေ၊ မော်တော်ကားတွေက ထွက်လာတဲ့ဓာတ်ဆီမီးခိုးတွေ၊ မီးတောင်ပေါက်ကွဲတာတွေက ထွက်လာတဲ့အခိုးအငွေ့ စတာတွေကို ရှူရှိုက်မိတာကြောင့်ဖြစ်တတ်ပါတယ်။ မူးပြီးမေ့မြောသွားရင် အသက်အန္တရာယ်စိုးရိမ်ဖွယ်ဖြစ်နိုင်ပါတယ်။

အဆိပ်စားမိရင် အော့အန်တာ၊ ဗိုက်နာတာ၊ ဝမ်းလျှောတာတွေဖြစ်တတ်ပါတယ်။ အခုလိုဖြစ်စေတတ်တဲ့ ဓာတ်သတ္တုပါတဲ့အဆိပ်တွေ၊ အဆိပ်ဖြစ်စေတဲ့ မှိုနဲ့အသီးတွေ၊ ကြာရှည်စွာထားပြီး ပုပ်သိုးတဲ့ အစားအစာတွေကြောင့် ဖြစ်တတ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် မိဘတွေအနေနဲ့ မိမိကလေးငယ်စဉ်ကတည်းက ကျန်းမာရေးကောင်းမွန်စေရေးအတွက် ကျန်းမာရေးဆိုင်ရာအသိပညာ၊ ဗဟုသုတတွေကို လေ့လာထားသင့်ပြီး ဂရုစိုက်ပြုစုပျိုးထောင်နိုင်ကြပါစေလိုကြောင်း ရေးသာတင်ပြလိုက်ရပါတယ်။ ။

---

ဝက်လက်၊ စိုက်ပျိုးရေး

## ဝက်လက်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ဧက ၁၂၂၅၀ စိုက်ပျိုးပြီးစီး



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံဧက ၁၂၂၅၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝက်လက်မြို့နယ်၌ ပဲစင်းငုံ ၂၁၂၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ဧက ၁၂၂၅၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“လက်ရှိအချိန်ထိ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်း ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့နဲ့ မျိုးကောင်းမျိုးသန့်ရရှိစေဖို့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေကိုလည်း ပံ့ပိုးကူညီပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်၊ သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်” ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွင်စန်းကပြောသည်။

ယခုနှစ်တွင် ဝက်လက်မြို့နယ်၌ ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးသောတောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှုလျှော့ချနိုင်စေရန် ယူရီးယားနှင့် လက်ချားပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားသုံးစွဲခြင်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး ပိုးမွှားကင်းစင်၍ အပင်ဖြစ်ထွန်းမှုကောင်းမွန်ကြောင်း သိရသည်။ **(၄၀၉)**

---

ရန်ကုန်၊ သာသနာရေး

## ရွှေတိဂုံစေတီတော်၌ ဝါတွင်းကာလတွင် ဗုဒ္ဓပူဇနီယပွဲတော်များနှင့် သီလခံယူပွဲများ ကျင်းပမည်

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် နေ့ထူးနေ့မြတ် မင်္ဂလာအခမ်းအနားများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များကို စဉ်ဆက်မပြတ်ကျင်းပလျက်ရှိရာ ဝါတွင်းကာလတွင် ဗုဒ္ဓပူဇနီယပွဲတော်များနှင့် သီလခံယူပွဲများ ကျင်းပမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါပွဲတော်များကျင်းပရာ၌ ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်နေ့ (ဇူလိုင်လ ၂၀ ရက်) တွင် ဓမ္မစကြာအခါတော်နေ့အခမ်းအနားနှင့် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနား၊ ဝါခေါင်လပြည့်နေ့ (ဩဂုတ်လ ၁၉ ရက်) တွင် မေတ္တာအခါတော်နေ့အခမ်းအနားနှင့် ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲအခမ်းအနား၊ တော်သလင်းလပြည့်နေ့ (စက်တင်ဘာလ ၁၇ ရက်) တွင် ဂရုဓမ္မအခါတော်နေ့အခမ်းအနား၊ သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာလ ၁၆ ရက်)တွင် သီတင်းကျွတ်မီးထွန်းပွဲတော်အခမ်းအနားနှင့် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာလ ၁၇ ရက်) တွင် အဘိဓမ္မာအခါတော်နေ့အခမ်းအနားများ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ လပြည့်၊ လကွယ်နှင့် ကြားရက် ဥပုသ်နေ့များတွင် ဘုရားဖူးပြည်သူများအနေဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ သီလခံယူဆောက်တည်နိုင်ရေး သီလခံယူပွဲများကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ **ဝန်းရံ့ခ**

တောင်ကြီး၊ အားကစား

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၁၈ နှစ်အောက် ပြေး ခုန် ပစ်ပြိုင်ပွဲကျင်းပ



၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့သစ်တောရပ်ကွက်ရှိ ရှမ်းပြည်နယ်လေ့ကျင့်ရေးအားကစားကွင်း၌ ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တက်ရောက်လာသူများက အားကစားသမားများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲဝင်အသင်း ၂၈ သင်းမှ ဇူလိုင်လ ၁၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်ကျော်သိန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးနှင့် ပြည်နယ်ဘောလုံးဆပ်ကော်မတီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အသင်းအုပ်ချုပ်သူ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြောင်း သိရသည်။

(၄၀၅)

နေပြည်တော်၊ လူမှုရေး

# လူငယ်ဆိုင်ရာစွမ်းရည်မြင့်မားရေးပြိုင်ပွဲများကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ရှိန်မြင့်တင်ရေးအတွက် လူငယ်ဆိုင်ရာစွမ်းရည်မြင့်မားရေးပြိုင်ပွဲများကို ဇူလိုင်လ ၁၇ ရက်တွင် ကျင်းပသည်။

ပြိုင်ပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်က ကလေးငယ်များ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတများ ကြွယ်ဝစေရန်ရည်ရွယ်၍ ယခုလိုပြည်သူ့စာကြည့်တိုက်သို့ဖိတ်ခေါ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြပွဲများ၊ ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများဦးဆောင်၍ ကလေးငယ်များအား ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ ပုံတူပန်းချီဆွဲပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတို့ကျင်းပပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကလေးငယ်များအား ဦးစီးအရာရှိနှင့်ဝန်ထမ်းများက ဆုများအသီးသီး ပေးအပ်သည်။



အဆိုပါပြိုင်ပွဲသို့ ဇေယျာသီရိမြို့နယ် ပြည်စံအောင်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးတက်ရောက်ပြီး ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များအား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၁၃)

တောင်ကြီး၊ လူမှုရေး

# သစ်တောသစ်ပင်များမှရရှိနိုင်သော အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဆွေးနွေးပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပလီလင်းအခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ သစ်တောသစ်ပင်များမှရရှိနိုင်သော အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေးဆွေးနွေးခြင်းနှင့် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနဒုတိယဦးစီးမှူး ဦးတင်ဆန်းက သစ်တောသစ်ပင်များမှရရှိနိုင်သော အကျိုးကျေးဇူးများ၊ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတတ်စေရန်၊ သစ်တောနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေး၊ အင်းလေးကန် ရေဝေရေလဲ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးအသိပညာပေးဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ပလီလင်းအခြေခံပညာကျောင်းဝင်းအတွင်း ချယ်ရီပင်၊ ခါတော်မီပင်၊ မန်ဂျန်ရှားပင် စသည့်စုစုပေါင်းပျိုးပင် ၃၀၀ ကို သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်မိရပ်ဖများက တပျော်တပါးစိုက်ပျိုးကြကြောင်း သိရသည်။

(၄၀၄)၊ ကျော်စောဦး(မောရှမ်းမြေ)

# ဝါဆိုသင်္ကန်း လှူဒါန်းပူဇော်

## (တျာချင်း)

➢ ဝါဆိုသင်္ကန်း၊ လှူဒါန်းကုသိုလ်
လှူကြသူများ၊ စိတ်ထားမြတ်သကို
သဒ္ဓါကပို၊ ရောက်လိုခရီး
အေးမြပျော်ရွှင်၊ စိတ်ဘဝင်
အစဉ်ချမ်းသာ ကြီးသည်နှင့်လေး။

➢ ဘဝခရီး၊ မညည်းသက်သာ
သွားလာလှုပ်ရှား၊ ဘေးများရှောင်ဖယ်ခွာ
ကိုယ်စိတ်ချမ်းသာ၊ လိုရာမရှား
မြတ်သောအလှူ ပြုကြသူ
အပူအေးငြိမ်း သွားသည်နှင့်လေး။

➢ တပ်မတော်သား၊ စိတ်ထားဖြူစင်
ပြည်သူ့ကောင်းကျိုး၊ သယ်ပိုးထာဝစဉ်
သာသနာတွင်၊ ပါဝင်လှူဒါန်း
နှစ်တိုင်းနှစ်စဉ်၊ လှူလျက်ပင်
စိတ်တွင်ပျော်ရွှင် လန်းသည်နှင့်လေး။

➢ တိုင်းပြည်အေးချမ်း၊ ငြိမ်းချမ်းပါစေ
ပြည်ဖျက်ရန်များ၊ ဖယ်ရှားဆောင်ရွက်နေ
ဘေးအထွေထွေ၊ မသွေကွယ်ပျောက်
ရဟန်းရှင်လူ၊ များပြည်သူ
အပူကင်းဝေး ဖျောက်သည်နှင့်လေး။

➢ သဒ္ဓါပေါက်ရောက်၊ ဝမ်းမြောက်လှူသူ
လှူပွဲဆင်နွဲ၊ အောင်ပွဲအတူတူ
တပ်နှင့်ပြည်သူ၊ ကြည်ဖြူဆန္ဒ
စုပေါင်းညီညာ၊ အောင်ကြောင်းဖြာ
လိုရာပြီးမြောက် ကြသည်နှင့်လေး။

➢ မြန်မာ့အစဉ်လာ လမြတ်မှာ
ဝါဆိုသင်္ကန်း ကပ်ကြသည်။
တပ်မတော်မှာ နှစ်စဉ်သာ
သဒ္ဓါရွှင်လန်း မြတ်တော့သည်။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)


## ♫♫ သဇင် (FM) အသံလွှင့်အစီအစဉ် ♫♫

၁၈-၇-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ဝ၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၃း၃၅ | Music Quiz |
| ၄။ | ၁၇း၀၀ | ကမ္ဘာကျော်တို့အနုပညာခရီး |
| ၅။ | ၁၉း၀၀ | စစ်သည်ကဏ္ဍ |

မိုင်းပျဉ်း၊ လူမှုရေး

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်း ကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းရွေးချယ်ခြင်းဆောင်ရွက်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်ရှိ ကျေးရွာခုနစ်ရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်မည်ဖြစ်ရာ ဇူလိုင်လ ၁၃ ရက်တွင် နားကျောင်းအုပ်စု နားဘော်တောကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၁၆ ရက်တွင် မိုင်းမန်းအုပ်စု လွယ်ကုခေ-၂ ကျေးရွာအားလည်းကောင်း တာဝန်ရှိသူများကကွင်းဆင်း၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းရွေးချယ်ခြင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းလောင်မိုင်း (လက်ထောက်ညွှန်ကြားရေးမှူး)က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP)၏ ရည်ရွယ်ချက်များ၊ သဘောသဘာဝများနှင့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို မိတ်ဆက်ရှင်းလင်းသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြီး ရွာသူရွာသားများက သက်ဆိုင်ရာကျေးရွာအလိုက် ကျေးရွာစီမံကိန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းသည်။

ထို့ပြင် ကျေးရွာ၏အဓိကလိုအပ်ချက်ကိုရွေးချယ်ကြရာ ကျေးရွာနှစ်ရွာလုံးတွင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကြီးကြပ်မှုဖြင့် ရွာသူရွာသားများကိုယ်တိုင်ဆောင်ရွက်ရန်အတည်ပြုကြကြောင်း သိရသည်။

**မောင်အိုးစည်**

---

တာချီလိတ်၊ လူမှုရေး

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

တာချီလိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(တာချီလိတ်)ကကြီးမှူး၍ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး၊ လုပ်ငန်းအကောင်အထည်ဖော်ရေး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် တာလေမြို့နယ်ခွဲ တောင်သုံးလုံးကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တာချီလိတ်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအုပ် ဒေါ်ယဉ်ယဉ်ထွေးက သင်တန်းတွင်သင်ကြားပေးမည့် အခြေခံစက်ချုပ်နည်းဘာသာရပ်အမျိုးအစားများကို မိတ်ဆက်ရှင်းလင်းပြီး သင်တန်းအဖွဲ့ခေါင်းဆောင် ဦးရွှေဟုန်းထန်က စည်းကမ်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မြန်မာ-ထိုင်းနယ်စပ် တောင်သုံးလုံးကျေးရွာမှ ချင်း၊ လားဟူနှင့် အာခါ ဒေသခံတိုင်းရင်းသူ ၁၁ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ဇူလိုင်လ ၁၅ ရက်မှစ၍ ဩဂုတ်လ ၁၃ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး မွမ်းမံသင်တန်းကို ဩဂုတ်လ ၂၁ ရက်မှ စက်တင်ဘာလ ၄ ရက်အထိသင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် စက်ပစ္စည်းထိန်းသိမ်းနည်း၊ ခါးစက်အပ်ချည်ထိုးနည်း၊ လက်ချုပ်နည်း၊ ကြယ်သီးဖောက်နှင့်အမျိုးသမီးဝတ်အထည်အမျိုးမျိုး၊ Ready Made အင်္ကျီပုံစံအမျိုးမျိုးချုပ်နည်းများကို ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)၊ နေမင်း**



---

ကျိုင်းလပ်၊ လူမှုရေး

## ကျိုင်းလပ်မြို့ ကလေးစာဖတ်ခန်း၌ မူလတန်းအဆင့် ဉာဏ်စမ်းပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ကလေးစာဖတ်ခန်းတွင် မူလတန်းအဆင့်ဉာဏ်စမ်းပြိုင်ပွဲကို ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်လေးများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားလာစေရန်၊ စိတ်လက်ပေါ့ပါးပျော်ရွှင်စေရန်၊ အစုအဖွဲ့အတွင်း ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ ပန်းချီပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မူလတန်းအဆင့် ဉာဏ်စမ်းပြိုင်ပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။

အဆိုပါ ဉာဏ်စမ်းပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ကြောင်းသိရသည်။ **စန်းစန်းမြင့်(ပြန်/ဆက်)**

---

မိုင်းဖြတ်၊ လူမှုရေး

## လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကျင်းပ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မိုင်းဖြတ်) ရွှေလီဆောင်ခန်းမ၌ အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(တာချီလိတ်)မှ တပ်ဖွဲ့ဝင်များက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(မိုင်းဖြတ်)မှ အထက်တန်းပြဆရာ ဦးကျော်ဌေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(တာချီလိတ်)မှ ရဲအုပ်ကျော်သန်းနိုင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရည်မှန်းချက် တာဝန် (၄)ရပ်၊ ရွှေ့ပြောင်းသွားလာခြင်း၊ လူမှောင်ခို၊ လူကုန်ကူးခြင်းနှင့် လူကုန်ကူးမှု၏အဓိပ္ပာယ် လူကုန်ကူးမှုမြောက်သည့် နည်းလမ်းအဆင့်ဆင့်များကို အကျယ်တဝင့်ရှင်းလင်းဟောပြောသည်။

ယင်းနောက် ရဲအုပ်ကျော်မင်းနိုင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေအကြောင်းသိကောင်းစရာများကို ပညာပေးပြောကြားပြီး တပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ ထို့ပြင် အခြေခံပညာအထက်တန်းကျောင်း(ဟိုနား)တွင်လည်း အသိပညာပေးဟောပြောပွဲကို ကျင်းပကြောင်းသိရသည်။ **ရွှေကို(မိုင်းဖြတ်)**

---

မိုင်းယောင်း၊ ဒေသဖွံ့ဖြိုးရေး

## မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ မိုင်းယောင်းမြို့နယ် ဟောင်ကြန့်ကျေးရွာအုပ်စု ဟောင်ကြန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းယောင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် တာဝန်ရှိသူများသည် ဟောင်ကြန့်ကျေးရွာတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး ဝင်ငွေများပိုမိုတိုးပွားလာစေရန် ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှန်ကန်မှု ရှိ/မရှိစစ်ဆေးသည်။

ဟောင်ကြန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါအဆိုပါကျေးရွာရှိ ချေးငွေအောင်မြင်သူ အသင်းသား၊ အသင်းသူ ၃၃ ဦးကို တတိယအကြိမ်မြောက်ရန်ပုံငွေကျပ်သိန်း ၃၃၀ အထိ အတိုးနှုန်းသက်သာစွာထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်နိုင်**


မက်ဒရစ်၊ ဘောလုံး

# ကစားသမားသစ်အမ်ဘတ်ပီနှင့် ရီးယဲလ်မက်ဒရစ်အသင်းပရိသတ်များ မိတ်ဆက်ပွဲအခမ်းအနားကျင်းပ ပရိသတ်ဦးရေ စံချိန်တင်လာရောက်အားပေး

ရီးယဲလ်မက်ဒရစ်အသင်းက အသင်းပရိသတ်များနှင့် ကစားသမားသစ် အမ်ဘတ်ပီတို့ မိတ်ဆက်ပွဲအခမ်းအနားကိုကျင်းပရာ ပရိသတ်ဦးရေ စံချိန်တင်များပြားခဲ့ပြီး ပရိသတ် ၈၀၀၀၀ ကျော်လာရောက်အားပေးခဲ့ကြကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် အမ်ဘတ်ပီသည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အမ်ဘတ်ပီကိုခေါ်ယူရန် အစောပိုင်းနှစ်များကတည်းက ကြိုးပမ်းခဲ့ပြီး အမ်ဘတ်ပီကိုယ်တိုင်ကလည်း ရီးယဲလ်မက်ဒရစ်အသင်းသို့ အစောပိုင်းနှစ်များကတည်းက ပြောင်းရွှေ့ကစားရန် ကြိုးပမ်းခဲ့သော်လည်း ပီအက်စ်ဂျီအသင်းက ကမ်းလှမ်းမှုများကိုပယ်ချခဲ့သည့်အတွက် အပြောင်းအရွှေ့မဖြစ်မြောက်ဘဲ ယခုနှစ်အပြောင်းအရွှေ့ကာလမှသာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။




အမ်ဘတ်ပီက အသင်းပရိသတ်များနှင့်မိတ်ဆက်ပွဲအခမ်းအနားတွင် "ကျွန်တော့်ကို တခြားအသင်းတွေက ကမ်းလှမ်းမှုတွေရှိခဲ့ပါတယ်။ ကျွန်တော် တခြားကမ်းလှမ်းမှုတွေအားလုံးကို ပယ်ချခဲ့ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းတစ်သင်းတည်းသာ ကျွန်တော်ရွေးချယ်ထားတဲ့ရွေးချယ်မှုပါ။ အခုလိုဖြစ်လာလိမ့်မယ်လို့ အစောကတည်းက အပြည့်အဝယုံကြည်ထားပြီးသားပါ။ ကျွန်တော် အစောပိုင်းကတည်းက ရီးယဲလ်မက်ဒရစ်အသင်းကိုလာမယ်လို့ ကတိပေးထားခဲ့တာပါ။ အခုတော့ ဒီအသင်းကို ကျွန်တော့်ကတိအတိုင်း အမှန်တကယ်ရောက်ရှိခဲ့ပါပြီ။ အားပေးတဲ့အသင်းပရိသတ်တွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်" ဟုပြောသည်။

အမ်ဘတ်ပီ၏မိတ်ဆက်ပွဲသည် ၂၀၀၉ ခုနှစ်က စီရော်နယ်ဒို၏မိတ်ဆက်ပွဲကဲ့သို့ ပရိသတ်စံချိန်တင်လာရောက်ပြီး ပရိသတ် ၈၀၀၀၀ ကျော် လာရောက်အားပေးခဲ့ကြကြောင်း သိရသည်။

***Ref;Real Madrid CF***

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

➢ မန်ယူအသင်းက ဘိုင်ယန်မြူးနစ်အသင်းကစားသမား ဒီလစ်ကိုခေါ်ယူရန် ကစားသမားနှင့်သဘောတူညီမှုရရှိခဲ့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းနှင့် ဆွေးနွေးရာတွင် ကြန့်ကြာနေသည့်အတွက် လိုင်လီအသင်းကစားသမား ယိုရိုကိုခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

➢ မန်စီးတီးအသင်းက လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပထမဆုံးကစားသမားခေါ်ယူမှုအဖြစ် ထရွိုင်းယက်စ်အသင်းတိုက်စစ်မှူး ဆာဗီယိုကိုခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

➢ ဒေါ့မွန်အသင်းက ပြီးခဲ့သည့်ဘောလုံးရာသီက အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် စတုဂတ်အသင်းကစားသမား ဂူရယ်ဆီကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၁၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန်နီးစပ်နေပြီး လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ်ချုပ်ဆိုဖွယ်ရှိနေကြောင်း သိရသည်။

➢ အယ်အီတီဟက်အသင်းက အက်စ်တွန်ဗီလာအသင်း တောင်ပံကစားသမား ဒီယာဘီကို ခေါ်ယူရန် ကြိုးပမ်းနေပြီး အက်စ်တွန်ဗီလာအသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၅၅ သန်း သတ်မှတ်ထားကြောင်း သိရသည်။ ***Ref;Fabrizio Romano***

မန်ချက်စတာ၊ ဘောလုံး

# မန်စီးတီးအသင်းက ဂိုးသမား အီဒါဆန်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၄၂ သန်းသတ်မှတ်

မန်စီးတီးအသင်းက အသင်းနှင့်အနာဂတ်မရေမရာဖြစ်နေပြီး လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ကြိုးပမ်းနေသည့်ဂိုးသမား အီဒါဆန်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၄၂ သန်းသတ်မှတ်ခဲ့ကြောင်း သိရသည်။

အသက် ၃၀ အရွယ် ဂိုးသမား အီဒါဆန်သည် ၂၀၁၇ ခုနှစ်က ဘင်ဖီကာအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဘောလုံးရာသီတိုင်းတွင် အဓိက ကစားသမားအဖြစ် ပါဝင်ကစားခဲ့ပြီး နောက်ပိုင်းနှစ်များတွင် မန်စီးတီးအသင်း ပရီးမီးယားလိဂ်ဖလားခြောက်ကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်နှင့် တခြားဆုဖလားများဆွတ်ခူးနိုင်ရာတွင် အဓိကဂိုးသမားအဖြစ်ပါဝင်ခဲ့ကာ လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း အကောင်းဆုံးဂိုးသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နေသူဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီက မန်စီးတီးအသင်း ပရီးမီးယားလိဂ်ဖလားဆွတ်ခူးနိုင်ရန် အရေးပါသည့်ပွဲစဉ်ဖြစ်သည့် စပါးအသင်းနှင့်ပွဲစဉ်တွင် ဂိုးသမား အီဒါဆန်သည် ပွဲချိန် ၆၉ မိနစ်တွင် ဒဏ်ရာရရှိခဲ့သော်လည်း ပွဲစဉ်ကိုဆက်လက်ကစားရန်တောင်းဆိုခဲ့ရာ နည်းပြဂွါဒီယိုလာက လက်မခံဘဲ လူစားလဲခဲ့သည့်အတွက် ၎င်းတို့နှစ်ဦးကြား ဆက်ဆံရေးမပြေလည်မှုများရှိလာခဲ့ခြင်းဖြစ်သည်။ အီဒါဆန်က လက်ရှိ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ကြိုးပမ်းနေပြီး ဆော်ဒီကလပ် အယ်နာဆာအသင်းက ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၂၅ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း မန်စီးတီးအသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

***Ref;The Athletic***

လန်ဒန်၊ ဘောလုံး

# အသင်းလက်မဲ့ဖြစ်နေသူ နည်းပြတူချယ်လ် အင်္ဂလန်အသင်းနည်းပြသစ်ရာထူးအတွက် ရေပန်းစားသည့်စာရင်းတွင် ပါဝင်နေ

အင်္ဂလန်အသင်းနည်းပြရာထူးမှ နည်းပြဆောက်ဂိတ်ထွက်ခွာပြီးနောက် လစ်လပ်နေသော အင်္ဂလန်အသင်းနည်းပြသစ်ရာထူးအတွက် ရေပန်းစားသူများတွင် အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြတူချယ်လ်လည်း ပါဝင်နေကြောင်း သိရသည်။

နည်းပြဆောက်ဂိတ်သည် အင်္ဂလန်အသင်းကို ၂၀၁၆ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ပြီးနောက် ပြီးခဲ့သည့် ယူရိုပြိုင်ပွဲနှစ်ကြိမ်တွင် နှစ်ကြိမ်ဆက်ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရပြီးနောက် ပြိုင်ပွဲအပြီးတွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ခြင်းဖြစ်သည်။

နည်းပြတူချယ်လ်သည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်ပြီး အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြသစ်စာရင်းတွင် နည်းပြတူချယ်လ်ကိုပါထည့်သွင်းထားခြင်းဖြစ်သည်။

နည်းပြတူချယ်လ်သည် ဘိုင်ယန်မြူးနစ်အသင်း၊ ဒေါ့မွန်အသင်း၊ ပီအက်စ်ဂျီအသင်း၊ ချယ်လ်ဆီးအသင်းစသည့် ဥရောပထိပ်တန်းအသင်းကြီးများကိုကိုင်တွယ်ခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်သည့်အတွက် အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြသစ်အဖြစ်ခန့်အပ်လိုနေခြင်းဖြစ်သည်။



အင်္ဂလန်အသင်းနည်းပြသစ်အတွက် ရေပန်းစားမှုတွင် တူချယ်လ်အပြင် အက်ဒီဟိုဝီ၊ ဂရေဟမ်ပေါ်တာ၊ ပိုချက်တီနိုနှင့် အင်္ဂလန် ယူ-၂၁ အသင်းနည်းပြကာစလေတို့လည်းပါဝင်နေကြောင်း သိရသည်။

***Ref;Metro***

နေပြည်တော် ဇူလိုင် ၁၇

# အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ် ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး အလှူတော်ငွေပေးအပ်ပွဲကျင်းပ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်မြို့ သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ် အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ လူမှုရေးဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော် သံဃာတော်များရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်အား နာယူကြည်ညိုကြသည်။

ထို့နောက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသောဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက အဋ္ဌကထာကျမ်းစာအုပ်များကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးနှင့်ပတ်သက်၍ သမ္မောဒနီယကထာ လျှောက်ထားမြွက်ကြားသည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အဋ္ဌကထာကျမ်းစာအုပ်ထုတ်ဝေရေးအဖွဲ့နာယက ဆရာတော်ကြီးများ၏ ကျမ်းစာအုပ်များ စိစစ်တည်းဖြတ်ခဲ့ကြမှုများအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းလျှောက်ထားတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့်သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများက ဩဝါဒကထာများ မြွက်ကြားချီးမြှင့်တော်မူကြသည်။



ယင်းနောက် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက်အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တဆေကိန္ဒ၊ ရန်ကုန်မြို့ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက (လှရတနာ)ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သားသမီးမြေးများမိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညီနိူင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် မိသားစု၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်မိသားစု၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် မိသားစု၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် မိသားစု၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ အလှူရှင်များ၊ ဒုတိယဝန်ကြီးများနှင့်အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသမဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး အလှူတော်ငွေလှူဒါန်းပွဲအခမ်းအနားတွင် ဇူလိုင်လ ၁၆ ရက်အထိ စေတနာရှင်၊ အလှူရှင် ၄၁ ဦးတို့က စုစုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် ၁၀၆၉၄၂၄၀၀၀/-(တစ်သောင်းခြောက်ရာကိုးဆယ့်လေးသိန်းနှစ်သောင်းလေးထောင်တိတိ)ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော ဆရာတော်ကြီးများနှင့် အလှူရှင်များက ခင်းကျင်းပြသထားသည့် ပုံနှိပ်ထုတ်ဝေပြီးသော ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပဋ္ဌမောဘာဂေါ) အုပ်ရေ ၁၀၀၀၊ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ အုပ်ရေ ၁၀၀၀၊ ပါစိတျာဒိအဋ္ဌကထာအုပ်ရေ ၅၀၀ တို့နှင့် ကွန်ပျူတာစာမူဆောင်ရွက်ပြီး ကျမ်းစာအုပ်များနှင့် Pagoda Digital Directory ရှင်းလင်းပြသမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

---

နေပြည်တော် ဇူလိုင် ၁၇

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ကျင်းပခဲ့သည့် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၇)၏ သင်တန်းဆင်းအခမ်းအနားကျင်းပ

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၇)၏ သင်တန်းဆင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူကို ထိရောက်စွာ ဝန်ဆောင်မှုပေးရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာစွာ အသိပေးဆောင်ရွက်ခြင်း၊ ပြည်သူများ၏ အမြင်သဘောထားများကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏လုပ်ရည်ကိုင်ရည်နှင့် စွမ်းရည်တို့ကိုမြှင့်တင်ကာ ပြည်သူများ၏ လက်ငင်းအကျိုးစီးပွားကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ဆောင်ရွက်ပြီး ပြည်သူတို့၏ ယုံကြည်ကိုးစားမှုခံယူထိုက်သူများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၁၂ ဦး၊ သင်တန်းသူ ၁၃၄ ဦး စုစုပေါင်း ၂၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေလ ၆ ရက်မှ ဇူလိုင်လ ၁၇ ရက်အထိဖြစ်ကြောင်း သိရသည်။

(၅၀၀)

# စိုက်ပျိုးမွေးမြူရေးကိုအလေးထား နိုင်ငံ့ GDP တိုးပွား

အေးကျော်(ရူပဗေဒ)

နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာမှာ GDP နဲ့ တိုင်းတာကြပါတယ်။ GDP ဆိုတာ Gross Domestic Product - GDP ဖြစ်ပြီး အဓိပ္ပာယ်က စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးဖြစ်ပါတယ်။ လူတိုင်းနားလည်လွယ်အောင်ပြောရမယ်ဆိုရင်တော့ နိုင်ငံတစ်ခုကထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေရဲ့ငွေကြေးတန်ဖိုးပဲဖြစ်ပါတယ်။ ဒါကို နှစ်အလိုက် သူတို့သတ်မှတ်ထားတဲ့ ကာလအပိုင်းအခြားတစ်ခုမှာ တိုင်းတာလေ့ရှိပါတယ်။

အဲဒီလိုတိုင်းတာတဲ့အခါမှာ လယ်ယာကဏ္ဍကြီး (Agriculture Sector)၊ စက်မှုကဏ္ဍကြီး ( Industry Sector)နဲ့ ဝန်ဆောင်မှုကဏ္ဍကြီး (Services and Trade Sector) စတဲ့ ကဏ္ဍကြီးသုံးမျိုးနဲ့တန်ဖိုးများကို စုဆောင်းတွက်ချက်တာဖြစ်ပါတယ်။ လယ်ယာကဏ္ဍကြီးတွေမှာတော့ လယ်ယာ၊ သားငါးနဲ့သစ်တောကဏ္ဍတို့ပါဝင်ပါတယ်။ စက်မှုကဏ္ဍကြီးမှာတော့ စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍတို့ပါဝင်ပြီး ဝန်ဆောင်မှုကဏ္ဍမှာတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ အခြားဝန်ဆောင်မှုနဲ့ ကုန်သွယ်မှုဆိုတဲ့ကဏ္ဍတို့ပါဝင်ကြောင်း ပြည်သူများသိရှိနိုင်စေဖို့ ဗဟုသုတအနေနဲ့လည်း မျှဝေပေးချင်ပါတယ်။

နိုင်ငံတစ်ခုရဲ့ GDP တိုးတက်ခြင်းသို့မဟုတ် ဆုတ်ယုတ်ခြင်းသည် စားသုံးသူ၊ ရင်းနှီးမြှုပ်နှံမှု၊ အစိုးရအသုံးစရိတ်နဲ့ ပို့ကုန်သွင်းကုန် စသောအကြောင်းအရာများပေါ်မှာမူတည်ပါတယ်။ အထူးသဖြင့် ပို့ကုန်သွင်းကုန် (Exports and Imports)တို့ဟာ အဓိကပဲဖြစ်ပါတယ်။ နိုင်ငံခြားသို့တင်ပို့မှုများဟာ နိုင်ငံရဲ့ဝင်ငွေကိုတိုးစေပြီး သွင်းကုန်များကတော့ နိုင်ငံရဲ့လိုအပ်ချက်တွေကို ပြည်ပမှတင်သွင်းခြင်းပဲဖြစ်ပါတယ်။ ဆိုလိုတာက နိုင်ငံရဲ့လိုအပ်ချက်တွေဖြစ်တဲ့ သွင်းကုန်တွေကို နိုင်ငံတွင်းမှာပဲ ထုတ်လုပ်နိုင်တယ်ဆိုရင် ပြည်ပကတင်သွင်းရတဲ့ သွင်းကုန်တွေ လျော့ကျလာမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံကထုတ်ကုန်များ ပြည်ပသို့ များများတင်ပို့နိုင်တဲ့အခါ နိုင်ငံအတွင်းသို့ ငွေကြေးစီးဝင်မှုများလာမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် ပို့ကုန်များပြီး သွင်းကုန်နည်းမယ်ဆိုရင် နိုင်ငံရဲ့ဝင်ငွေများပြီး ထွက်ငွေနည်းတဲ့သဘောပဲဖြစ်ပါတယ်။

ဝင်ငွေများပြီး ထွက်ငွေနည်းတဲ့အခါ နိုင်ငံတစ်ခုရဲ့ GDP ဟာ တိုးတက်လာပါတယ်။ ဝင်ငွေနည်းပြီး ထွက်ငွေများလာရင်တော့ နိုင်ငံတစ်ခုရဲ့ GDP ဟာ လျော့နည်းလာမှာဖြစ်ပါတယ်။ ဒါဟာ GDP တိုးတက်တာ၊ လျော့နည်းတာကို ဘယ်လိုသိရှိနိုင်မလဲဆိုတာကို လူတိုင်းသိနိုင်အောင် နားလည်အလွယ်ဆုံးနည်းနဲ့ ပြောပြပေးတာ ဖြစ်ပါတယ်။

နိုင်ငံတစ်ခုရဲ့ GDP တိုးတက်လာတဲ့အခါ အဲဒီနိုင်ငံရဲ့ စီးပွားရေးအားကောင်းမွန်လာပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ပွင့်လန်းလာပါတယ်။ အလုပ်လက်မဲ့အရေအတွက်ကို လျှော့ချပေးနိုင်တဲ့အတွက် ပြည်သူတစ်ဦးချင်းစီရဲ့ ဝင်ငွေလည်းတိုးလာမှာဖြစ်တယ်။ ဝင်ငွေတိုးလာတဲ့အခါ ပညာရေး၊ ကျန်းမာရေး စတဲ့လူနေမှုအဆင့်အတန်းများကလည်း မြင့်တက်လာတယ်။ စီးပွားရေးကောင်းတဲ့ နိုင်ငံတစ်ခုမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းတွေလည်း ဝင်ရောက်လာနိုင်တယ်။ နိုင်ငံတကာအလယ်မှာ စီးပွားရေးအားကောင်းမွန်တဲ့ နိုင်ငံအဖြစ် မျက်နှာပန်းပွင့်လာတဲ့အခါ စီးပွားရေးနဲ့အတူ ကာကွယ်ရေးအားနဲ့ နိုင်ငံရေးအားကိုပါ တိုးတက်ကောင်းမွန်အောင် ယှဉ်တွဲတည်ဆောက်နိုင်မယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ရာမှာလည်းပိုမိုအဆင်ပြေလာပြီး နိုင်ငံရဲ့ အရေးပါအရာရောက်မှုဟာ ကမ္ဘာ့အလယ်မှာနေရာတစ်နေရာရလာနိုင်တယ်။ ခြုံပြောရရင် GDP ကောင်းတဲ့ နိုင်ငံတစ်ခုဟာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ကာကွယ်ရေး အစစအရာရာမှာ သာလွန်ကောင်းမွန်လာမှာဖြစ်ပါတယ်။

ဥပမာ- မြန်မာနိုင်ငံမှာဆိုရင်လည်း စက်သုံးဆီ၊ စားသုံးဆီနဲ့ ပတ်သက်ပြီး လိုအပ်ချက်တွေရှိနေတာကြောင့် နှစ်စဉ် ပြည်ပကနေ တင်သွင်းနေရတာတွေရှိပါတယ်။ စက်သုံးဆီသုံးစွဲမှုမှာ ကိုယ်ပိုင်ယာဉ်များကို မလိုအပ်ဘဲမသုံးစွဲဘူး။ ခရီးသည်တင်ယာဉ်များကိုသာ အသုံးပြုမယ်ဆိုရင် စက်သုံးဆီလိုအပ်မှုကိုလျှော့ချနိုင်မယ်၊ လေထုညစ်ညမ်းမှုကိုလည်းလျှော့ချနိုင်မယ်၊ နိုင်ငံအတွင်း ယာဉ်ကြောပိတ်ဆို့မှုများမှလည်း ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက လိုအပ်တဲ့စက်သုံးဆီကို အစားထိုးစက်သုံးဆီများဖြင့် ဖြည့်ဆည်းနိုင်ဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ အိန္ဒိယနိုင်ငံမှာဆိုရင် ကြက်ဆူပင်ကထွက်တဲ့ ဘိုင်အိုဒီဇယ်ကို သူ့နိုင်ငံမှာ ၅ ရာခိုင်နှုန်းရောစပ်သုံးစွဲဖို့ မူဝါဒချမှတ်ထားခြင်းဖြင့် နိုင်ငံခြားမှ စက်သုံးဆီတင်သွင်းနိုင်မှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချထားတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာလည်း ယခင်က ကြက်ဆူပင်ကနေ ဘိုင်အိုဒီဇယ်ကိုထုတ်လုပ်ဖို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုမရှိခဲ့ပါဘူး။ ဒီလိုပဲစားသုံးဆီအနေနဲ့ ပြည်တွင်းမှာပဲ ဆီထွက်သီးနှံတွေကို ပန်းတိုင်အထွက်နှုန်းပြည့်ဝအောင် ထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်တွင်းစားသုံးဆီ ဖူလုံမှုကိုဖြစ်စေပြီး ပြည်ပကတင်သွင်းနေရမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

ပြည်သူများအနေနဲ့ ကိုယ့်နိုင်ငံရဲ့ စီးပွားရေးအခြေအနေအကြောင်းကိုလည်း သိရှိထားဖို့ လိုအပ်တဲ့အတွက်ကြောင့် စာရေးသူတို့နိုင်ငံရဲ့ GDP ဟာ အရှေ့တောင်အာရှနိုင်ငံများမှာဆိုရင် အဆင့်ဘယ်လောက်နဲ့ ရပ်တည်နေတယ်ဆိုတာကို ပြည်သူတွေသိအောင် မျှဝေပေးသွားပါမယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ထုတ်ပြန်ချက်တွေအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံရဲ့ GDP ဟာ ၃ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ရဲ့ GDP ဟာခန့်မှန်း ၃ ဒသမ ၅ ရာခိုင်နှုန်း ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ အင်ဒိုနီးရှားနိုင်ငံဟာ ပထမနေရာမှာရပ်တည်နေပြီး မြန်မာနိုင်ငံကတော့ သတ္တမနေရာနဲ့ လာအိုနိုင်ငံကတော့ ဒသမနေရာမှာရပ်တည်နေတာ ဖြစ်ပါတယ်။

စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အောင်မြင်အောင် ထုတ်လုပ်နိုင်တဲ့ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် နိုင်ငံတကာမှာ စားနပ်ရိက္ခာလုံခြုံရေး Food Security ကို များစွာအထောက်အကူပြုနိုင်တဲ့ နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ ဒီအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ စားသောက်ကုန်တွေ၊ လူသုံးကုန်တွေကို ဒေသထွက်ကုန်ကြမ်းများ အသုံးပြုပြီး အရည်အသွေးမြင့်ထုတ်လုပ်ကာ ဒေသတွင်းစီးပွားရေးကနေ တစ်နိုင်ငံလုံးစီးပွားရေးအထိ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရပါမယ်။ ဒါ့အပြင် စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအဓိကထားတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အပြင် အဲဒီလိုအဓိကထားနိုင်လောက်အောင်လည်း ရေခံမြေခံကောင်းများစွာကိုပိုင်ဆိုင်ပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးရေးကိုအခြေခံပြီး နိုင်ငံ့ GDP တိုးတက်ဖို့အတွက် ဦးတည်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အဓိကအားဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးထုတ်လုပ်တဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် ဆန်စပါးကို အထွက်နှုန်းတိုးအောင် စိုက်ပျိုးနိုင်ဖို့လည်း လိုအပ်ပါတယ်။ ခေတ်အဆက်ဆက် အစိုးရတို့ဟာ စာမျက်နှာ ၁၃ သို့ ➤








➤ စာမျက်နှာ ၁၂ မှအဆက်

စပါးအထွက်နှုန်း တိုးတက်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ စာရေးသူတို့နိုင်ငံမှာ မိုးစပါးစိုက်ဧက ၁၄ သန်းကျော် ရှိပါတယ်။ မိုးစပါးတစ်ဧက ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းဟာ တင်း ၁၀၀ ဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၂၃-၂၀၂၄ ခုနှစ် အထွက်နှုန်းမှာတော့ ပျမ်းမျှအထွက်နှုန်းဟာ ၇၈ တင်းကျော်ပဲရှိပါတယ်။ ဒါဟာ ပန်းတိုင်ရည်မှန်းချက်ထက် ၂၂ တင်းခန့် လျော့နည်းခဲ့တာဖြစ်ပါတယ်။ တွက်ကြည့်လိုက်ရင် တစ်ဧကကို ၂၂ တင်းနဲ့ ဧက ၁၄ သန်းအတွက် သန်း ၃၀၀ ကျော်လျော့နည်းထွက်ရှိခဲ့တာဖြစ်ပါတယ်။ ငွေနဲ့တန်ဖိုးသင့်လိုက်ရင်တော့ ငွေကျပ်ဘီလီယံ ၇၀၀၀ ခန့်လောက် လျော့နည်းခဲ့တာတွေ့ရပါတယ်။ စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်း၊ ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးချဲ့ပြီး အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းတို့ဟာ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်စေတဲ့ နည်းလမ်းများဖြစ်ပါတယ်။ ဒီနည်းလမ်းသုံးမျိုးထဲကမှ စာရေးသူတို့နိုင်ငံဟာ ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းတိုးအောင်ဆောင်ရွက်တာနဲ့ သီးထပ်စွမ်းအားတိုးချဲ့တာကို အဓိကထားဆောင်ရွက်နေတာဖြစ်ပါတယ်။ ပန်းတိုင်ရည်မှန်းချက်ဆိုရာမှာလည်း မဖြစ်နိုင်တဲ့ ကိန်းဂဏန်းအရေအတွက်ကိုပေးထားတာမဟုတ်ဘဲ နိုင်ငံတကာနဲ့ မြန်မာနိုင်ငံရဲ့သီးနှံအထွက်နှုန်းများကို နှိုင်းယှဉ်သုတေသနပြုပြီး သေချာစနစ်တကျ နှိုင်းယှဉ်တွက်ချက်ပြီး ပေးထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးသီးနှံများကို တစ်ဧကအထွက်နှုန်းများ တိုးတက်ပြီး ပန်းတိုင်အထွက်နှုန်းအတိုင်း ပြည့်မီအောင်ဆောင်ရွက်ရမှာဖြစ်တဲ့အပြင် သီးထပ်စွမ်းအားများ တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြဖို့လိုပါတယ်။ ငွေအရင်းအနှီးတတ်နိုင်သူများဟာလည်း စိုက်ပျိုးရေးကဏ္ဍကြီးမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်မယ်ဆိုရင် နိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍကြီးကလည်း တိုးတက်လာသလို နိုင်ငံ့စီးပွား၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများစွာလည်း မြင့်မားလာမှာဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီဖို့ဆိုရင် အဓိကလိုအပ်တာက မိရိုးဖလာစိုက်နည်းစနစ်တွေသာမကဘဲ ခေတ်မီနည်းစနစ်များနဲ့အညီ စိုက်ပျိုးနိုင်ဖို့လိုအပ်ပါတယ်။

နိုင်ငံတော်အကြီးအကဲ အမှာစကားပြောကြားတိုင်း ပြောနေကျစကားစုလေးကိုလည်းမှတ်သားမိပါတယ်။ အဓိကလည်းကျသလို စနစ်တကျအသုံးချတတ်ဖို့လည်းလိုအပ်ပါတယ်။ မျိုးကောင်းမွန်မှုရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိအောင်ဖန်တီးပေးနိုင်ရေး၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရေးနဲ့ ခေတ်မီသင့်လျော်တဲ့ သွင်းအားစုမြေဩဇာတွေကိုရရှိအောင်ဖန်တီးပေးရေး၊ စိုက်ပျိုးရေနဲ့ အောင်ရေကို ဖူလုံစွာဖန်တီးပေးနိုင်ရေး၊ စိုက်နည်းစနစ်တွေ မှန်ကန်မှုရှိစေရေးနဲ့ ခေတ်မီနည်းစနစ်တွေကို အသုံးပြုနိုင်ရေးဆိုတဲ့ မျိုး၊ မြေ၊ ရေ၊ နည်း ဆိုတဲ့ အချက်လေးချက်ဖြစ်ပါတယ်။

ဒီလေးချက်နဲ့အညီ ဆောင်ရွက်နိုင်ဖို့က နိုင်ငံတော်အစိုးရရဲ့ကဏ္ဍစုံကနေ ပံ့ပိုးမှုတွေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသူတွေရဲ့ အားကြိုးမာန်တက်လိုက်ပါလုပ်ဆောင်နိုင်စွမ်းတွေ၊ ခေတ်မီသွင်းအားစုတွေကို တင်သွင်းပို့ဆောင်ပေးမယ့်ကုမ္ပဏီများရဲ့ စုပေါင်းစွမ်းအားပေါ်မှာ အများကြီးမူတည်ပါတယ်။ စိုက်ပျိုးရေးမှာ အဓိကလိုအပ်တဲ့ ဓာတ်မြေဩဇာကိုလည်း နိုင်ငံတော်အဆင့် စီမံကိန်းများဖြင့် ဆောင်ရွက်ပေးမယ်ဆိုရင် တောင်သူတွေအနေနဲ့ အများကြီးအဆင်ပြေချောမွေ့မှာဖြစ်ပါတယ်။ ပြိုင်တူတွန်းလှျင်ရွှေ့နိုင်ပါတယ်ဆိုတဲ့စကားအတိုင်း စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးရေးကိုခေတ်မီနည်းစနစ်တွေ၊ ခေတ်မီသွင်းအားစုတွေနဲ့ ပေါင်းစပ်ပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီအောင်၊ ထိုကတစ်ဆင့် ပန်းတိုင်အထွက်နှုန်းကျော်လွန်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်။ စာရေးသူပြောပြခဲ့တာ မြန်မာနိုင်ငံရဲ့ အဓိကစိုက်ပျိုးရေး အမျိုးအစားဖြစ်တဲ့ စပါးကိုမူတည်ပြီးပြောပြခဲ့တာပါ။ ဒါ့အပြင် အခြားအဓိကစိုက်ပျိုးထုတ်ကုန်များဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ နေကြာ၊ ပန်းနှမ်း စတဲ့ဆီထွက်သီးနှံတွေကိုလည်း ပန်းတိုင်အထွက်နှုန်းပြည့်မီအောင်ဆောင်ရွက်ပြီး နိုင်ငံ့ GDP တိုးတက်စေဖို့အတွက် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့မွေးမြူရေးဖြစ်ပါတယ်။ မွေးမြူရေးဆိုရာမှာလည်း စီးပွားဖြစ်မွေးမြူရေးကို စာရေးသူမဆိုလိုသေးပါဘူး။ တစ်နိုင်တစ်ပိုင်မွေးမြူရေးစနစ်ကို အရင်ဆုံးပြောချင်ပါတယ်။ စာရေးသူတို့နိုင်ငံရဲ့ အဓိကစားသုံးတဲ့အသားတွေကတော့ ကြက်၊ ဝက်၊ ဆိတ်၊ အမဲ၊ ငါးတို့ပဲဖြစ်ပါတယ်။ ဒီလိုအသားငါးတွေစားသုံးရာမှာ ပြည်ပကဝင်တဲ့ အသားတိုးမျိုးစိတ်တွေရှိသလို မြန်မာနိုင်ငံရဲ့ဒေသထွက်မျိုးစိတ်တွေလည်းရှိပါတယ်။ အဲဒီဒေသမျိုးစိတ်တွေကို တစ်နိုင်တစ်ပိုင်မွေးမြူရာမှာ ယခင်က မိရိုးဖလာမွေးမြူနေကျအတိုင်း လွှတ်ကျောင်းစနစ်အစား နည်းပညာပိုင်းဆိုင်ရာ အကူအညီရယူပြီး ကိုယ့်ဒေသမျိုးစိတ်တွေနဲ့ပဲ စီးပွားဖြစ်မွေးမြူလို့ရပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် အရှေ့တောင်အာရှနိုင်ငံတွေထဲက ကြက်ကိုအိမ်မွေးတိရစ္ဆာန်အဖြစ် စတင်မွေးမြူတဲ့နိုင်ငံတွေထဲမှာ အစောဆုံးနိုင်ငံတစ်ခုဖြစ်တယ်လို့ ကြက်မွေးမြူကုသရေးစာအုပ် နှစ်အုပ်လောက်မှာ ဖတ်ခဲ့ရဖူးပါတယ်။ အရင်ဆုံး ဒေသကြက်အကြောင်း စပြောလိုပါတယ်။ ဥပမာ- အိမ်တိုင်းအလွယ်တကူလုပ်နိုင်သော ဒေသကြက်မွေးမြူရေးလုပ်ငန်းကနေ ဝင်ငွေရရှိမယ့် အသေးစားစီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲနိုင်တာမျိုးဖြစ်ပါတယ်။ ဒေသကြက်လေးတစ်အုပ်မွေးထားတာ၊ မနက်ကျအိမ်ခြံဝိုင်းထဲလွှတ်ပေးထား၊ သူတို့ဘာသာ အစာရှာစား၊ ညဘက်ရောက်လာရင် အိပ်တန်းတက်မယ့်အချိန်ရောက်ရင် ပြန်သိမ်း၊ အရွယ်လေးတွေရပြီး အလေးချိန်လေးတွေ စီးလာပြီဆိုရင် ရောင်းစား၊ ဒီလိုပဲလုပ်နေမယ့်အစား ဒေသကြက်ကို စနစ်တကျဘယ်လိုမွေးမလဲဆိုတဲ့ နည်းစနစ်ကို လေ့လာရမှာဖြစ်ပါတယ်။ တစ်နိုင်ကြက်ခြံလေးတွေဆောက်ပြီး ကြက်တွေစားဖို့ ဖြည့်စွက်စာအနေနဲ့ စပါး၊ ဆန်၊ ဆန်ကွဲထမင်းတို့အပြင် ရောစပ်အစာတွေကို ဖွဲနု၊ ဆန်ကွဲတို့နဲ့ရောကာ အစာခွက်လေးနဲ့ကျွေးဖို့လိုပါတယ်။ ဒါ့အပြင် ကြက်တွေဖြစ်တတ်တဲ့ ကြက်လည်လိမ်ရောဂါ၊ ကြက်ဝမ်းကျရောဂါတွေမဖြစ်ဖို့ ကာကွယ်ဆေးတွေလည်း ထိုးရမှာဖြစ်ပါတယ်။ ဒီလိုစနစ်တကျနဲ့မွေးရင် ရောင်းချချိန်ထိ ကြက်တစ်အုပ်လုံး သို့မဟုတ် တစ်ကောင်တလေ စသည်ဖြင့် အလေအလွင့်မရှိတော့ဘဲ ဝင်ငွေတိုးနိုင်မှာဖြစ်ပါတယ်။ အခုနောက်ပိုင်းခေတ်စားနေတဲ့ ကြက်မည်းမွေးမြူရေးအကြောင်းလည်းအနည်းငယ်ပြောပြလိုပါတယ်။ သူက ဥစား မဟုတ်ဘဲ အသားစားဖို့အတွက် မွေးမြူရတာဖြစ်ပါတယ်။ ကြက်မည်းအသားဟာဈေးကွက်မှာ သာမန်ကြက်တွေထက်ရှားပြီး တန်ဖိုးလည်းမြင့်ပါတယ်။ ကြက်မည်းတွေဟာ စီးပွားဖြစ်မွေးမြူရတဲ့ အသားတိုးကြက်တွေလောက် ကြီးထွားနှုန်းမမြန်သလို ဥစားကြက်တွေလိုလည်း ဥနှုန်းမကောင်းပါဘူး။ ကြက်မည်းတွေကို အသားတိုးကြက်လို၊ ဥစားကြက်လိုမျိုး ကြီးထွားနှုန်းကောင်းဖို့ ဦးစားမပေးဘဲ အရောင်အသွေးမည်းနက်ဖို့ ဦးစားပေးရတာဖြစ်တဲ့အတွက် အများအပြားမထုတ်လုပ်နိုင်ပါဘူး။ ဒါကြောင့် ဈေးကွက်အတွင်းမှာ ရှားပါးပြီး တန်ဖိုးလည်းရှိတဲ့ ကြက်မည်းကို တစ်နိုင်တစ်ပိုင် စနစ်တကျမွေးမြူနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ ကြက်မည်းလိုမျိုးပဲ ဒေသကြက်ကို နည်းစနစ်တကျမွေးမြူမယ်ဆိုရင် အရည်အသွေးကောင်းမွန်တဲ့ဒေသကြက်တွေကို ထုတ်လုပ်ရောင်းချနိုင်ပြီး ဝင်ငွေတိုးမှာဖြစ်ပါတယ်။ စာရေးသူတို့နိုင်ငံမှာ ဒေသထွက်ဖြစ်တဲ့ မိတ္ထီလာဒေသက လက်ပံပြားကြက်ကြော်ဆိုရင် အရမ်းနာမည်ကြီးပါတယ်။ ဒီလိုနာမည်ကြီးဒေသထွက်မွေးမြူရေးကရတဲ့ ထုတ်ကုန်တစ်ခုကို ခေတ်မီနည်းပညာနဲ့သာ ပေါင်းစပ်ပေးလိုက်မယ်ဆိုရင် စာရေးသူတို့ရဲ့ လက်ပံပြားကြက်ကြော်ဟာလည်း KFC တို့ Lotteria ကြက်ကြော်တို့နဲ့ ရင်ပေါင်တန်းနိုင်တဲ့ ထုတ်ကုန်တစ်ခုဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် ကြက်ဥ၊ ဘဲဥဟာလည်း အာဟာရလည်းပြည့်ဝတဲ့အပြင် အရောင်းသွက်စားသောက်ကုန်တစ်ခုလည်းဖြစ်တဲ့အတွက် ကြက်ကောင်ရေများများမွေးမြူနိုင်လေလေ နေ့စဉ်ဝင်ငွေများများရရှိလေဖြစ်ပါတယ်။ ဥစားကြက်ကဥတဲ့ ကြက်ဥထက် ဒေသကြက်ကဥတဲ့ ကြက်ဥကိုဈေးကြီးပေးပြီး အော်ဂဲနစ်အစားအစာအဖြစ် တန်ဖိုးထားဝယ်ယူစားသုံးနေတာကိုလည်း တွေ့ရှိရပါတယ်။

ဒီလိုပါပဲ ဒေသဝက်ဆိုရင်လည်း တစ်နိုင်တစ်ပိုင်မွေးမြူရာမှာ စားကြွင်းစားကျန်ကျွေးပြီး လွှတ်ကျောင်းနေမယ့်အစား စိုက်ပျိုးရေးကရရှိတဲ့ တိရစ္ဆာန်စာတွေဖြစ်တဲ့ ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်တို့နဲ့ သေချာကျွေးမွေးမယ်၊ သေချာခြံခတ်မွေးမယ်ဆိုရင် ကျန်းမာသန်စွမ်းပြီး အသားအလေးချိန်တိုးတဲ့ ဒေသဝက်ကိုမွေးမြူနိုင်မှာဖြစ်ပါတယ်။ ထို့အတူပါပဲ ဒေသနွားကိုမွေးမြူရာမှာလည်း လွှတ်ကျောင်းမယ်၊ အချိန်တန် ပြန်သိမ်းမယ်ဆိုတာထက် ကောက်ရိုးကို ယူရီးယားနဲ့ ပြုပြင်ကျွေးမွေးမယ်၊ နေပီယာမြက်လိုမျိုး မွေးမြူရေးကို အထောက်အကူဖြစ်စေတဲ့ မြက်မျိုးတွေစိုက်ပြီး ကျွေးမွေးမယ်ဆိုရင် နို့ထွက်နှုန်းပိုမိုများမယ်၊ မျိုးအောင်နှုန်းလည်းမြင့်မယ်၊ ကြီးထွားနှုန်းကောင်းမယ်၊ ရောဂါဒဏ်ခံနိုင်ရည်ရှိလာမယ်။ ဒါဟာဒေသမျိုးစိတ်တွေကိုစနစ်နဲ့နည်းပညာနဲ့ပေါင်းစပ်ကာ စီးပွားဖြစ်မွေးမြူနိုင်ရေးနည်းကို အကျဉ်းချုံးပြောပြတာပဲရှိပါသေးတယ်။ ဆိုလိုချင်တာက နည်းပညာရယ်၊ ပြည်တွင်းထွက် စိုက်ပျိုးရေးထုတ်ကုန်ကရရှိတဲ့ တိရစ္ဆာန်အစာတွေနဲ့ရယ် ပေါင်းစပ်လိုက်မယ်ဆိုရင် မွေးမြူရေးမှာပါ ကုန်ကျစရိတ်သက်သာစွာနဲ့ စီးပွားဖြစ်ထွန်းစေနိုင်ကြောင်းကို ထောက်ပြလိုတာဖြစ်ပါတယ်။

ဒါတွေကတော့တစ်နိုင်တစ်ပိုင်မွေးမြူရေးတွေကို ခေတ်မီနည်းပညာနဲ့ပေါင်းစပ်ပြီး အသေးစားစီးပွားရေးလုပ်ငန်းအနေနဲ့ ဆောင်ရွက်နိုင်တဲ့အကြောင်းကို ပြောပြခဲ့တာပါ။ ကိုယ်တတ်နိုင်ရင်တတ်နိုင်သလို တစ်နိုင်တစ်ပိုင်မှ လုပ်ငန်းကြီးတစ်ခုဖြစ်တဲ့အထိ မွေးမြူရေးလုပ်ငန်းတွေကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ပါတယ်။ မွေးမြူရေးမှထွက်ရှိတဲ့ တန်ဖိုးမြင့်ထုတ်ကုန်တွေကို နိုင်ငံခြားသို့တင်ပို့နိုင်သည်အထိ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါဆို မွေးမြူရေးကနေလည်း ပြည်ပဝင်ငွေများရရှိလာနိုင်မှာဖြစ်ပါတယ်။

စာရေးသူတို့နိုင်ငံအနေနဲ့ GDP တိုးတက်ဖို့အတွက် ရေခံမြေခံကောင်းများနဲ့ လူသားအရင်းအမြစ်များကို အသုံးချပြီး Quick Win ဖြစ်တဲ့ လယ်ယာကဏ္ဍကို အခြေခံပြီး သူနဲ့ဆက်စပ်နေတဲ့ကဏ္ဍကြီးတွေဖြစ်တဲ့ စက်မှုလုပ်ငန်းနဲ့ဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း တိုးတက်အောင်ဆောင်ရွက်နိုင်ပါတယ်။

ကိုင်းကျွန်းမှီကျွန်းကိုင်းမှီဆိုတဲ့စကားလိုပါပဲ။ တစ်ခုနဲ့တစ်ခုဟာဆက်စပ်ဖြစ်တည်နေကြတာဖြစ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးဘက်မှာ အောင်မြင်လာပြီဆိုရင် စိုက်ပျိုးမွေးမြူရေးကရတဲ့ကုန်ကြမ်းတွေကို အခြေခံပြီးထုတ်လုပ်နေတဲ့ စက်မှုလုပ်ငန်းတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကထွက်ရှိလာတဲ့ ထွက်ကုန်တွေကို ခေတ်မီစက်ရုံကြီးတွေတည်ဆောက်ပြီး အရည်အသွေးပြည့်မီတဲ့ စားသောက်ကုန်တွေ ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ကုန်ကြမ်းကို နိုင်ငံခြားကမတင်သွင်းရခြင်း၊ မိမိနိုင်ငံတွင်းကပဲ အလုံအလောက်ရရှိခြင်း၊ သယ်ယူပို့ဆောင်စရိတ် သက်သာခြင်းဆိုတဲ့ အချက်သုံးချက်နဲ့တင်ကိုပဲ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို စရိတ်သက်သက်သာသာနဲ့ထုတ်လုပ်နိုင်မှာဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်များ ပြည့်မီလာမယ့်အပြင် ပြည်ပပို့ကုန်ကိုပါ တိုးတက်စေနိုင်မှာဖြစ်ပါတယ်။

ဒီလိုစိုက်ပျိုးမွေးမြူရေးထွက်ကုန်များကိုအခြေခံတဲ့ စက်မှုကုန်ထုတ်လုပ်ငန်းများ ( Agro Based Industry) ကို တန်ဖိုးမြင့်ကုန်ချောပစ္စည်းရရှိလာသည်အထိ အရည်အသွေးပြည့်မီအောင် ခေတ်မီနည်းစနစ်များနဲ့ပေါင်းစပ်ပြီး ပြည်တွင်းသာမက ပြည်ပအထိတင်ပို့ရောင်းချနိုင်ရေးအထိပါ ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုပစ္စည်းကောင်းတွေထုတ်လုပ်နိုင်ပြီဆိုရင် ဒီကုန်ပစ္စည်းတွေကို သယ်ယူခြင်း၊ ရောင်းချခြင်း၊ ငွေပေးချေခြင်း၊ နိုင်ငံအတွက် အကျိုးရှိစေမယ့် ကဏ္ဍစုံမှာ အကျိုးရှိရှိ ကောင်းမွန်စွာအသုံးချနိုင်ခြင်းဆိုတဲ့ ဝန်ဆောင်မှုကဏ္ဍတွေဟာလည်း ကောင်းမွန်တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တစ်ဖက်ကပြောမယ်ဆိုရင် စက်မှုလုပ်ငန်းတွေတိုးတက်လာပြီဆိုရင် ခရီးသွားလုပ်ငန်း စတဲ့ဝန်ဆောင်မှုလုပ်ငန်းများပါဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍကောင်းရင် စက်မှုကဏ္ဍကောင်းမယ်။ စက်မှုကဏ္ဍကောင်းရင် ဝန်ဆောင်မှုကဏ္ဍလည်း ကောင်းလာမှာဖြစ်ပါတယ်။ ဒီကဏ္ဍသုံးရပ်ဟာ ဆက်စပ်မှုရှိတဲ့အတွက် တိုးတက်အောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီထဲကမှ အခြေခံအကျဆုံးဖြစ်တဲ့ လယ်ယာကဏ္ဍကြီးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်မယ်ဆိုရင် စက်မှုကဏ္ဍကြီးနဲ့ဝန်ဆောင်မှုကဏ္ဍကြီးတို့ဟာလည်း အောင်မြင်တိုးတက်လာပြီး နိုင်ငံရဲ့ GDP ဟာလည်း တိုးတက်လာမှာဖြစ်ပါတယ်။

နှမ်းတစ်စေ့တည်းနဲ့တော့ ဆီမဖြစ်ပါဘူး၊ ဒီလိုပဲရေတစ်စက်နဲ့လည်း ရေမပြည့်ပါဘူး။ ဒါပေမဲ့ နှမ်းစေ့တွေအများကြီးပါဝင်လာရင် ဆီဖြစ်သလို ရေစက်တွေအများကြီး စုပေါင်းလိုက်ရင်လည်း ရေပြည့်လာနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံ့ GDP တိုးတက်ဖို့ဆိုရင် နိုင်ငံသားတစ်ဦးချင်းရဲ့ GDP တိုးတက်ဖို့လိုတဲ့အတွက် အရွယ်ရောက်ပြီး အလုပ်လုပ်နိုင်တဲ့သူတိုင်း အလုပ်လုပ်ကြဖို့လိုအပ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် အခြေကျပြီးဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍကိုအခြေခံပြီး ဒေသအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးကို ဆောင်ရွက်ပြီး ဒေသခံများရဲ့အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိအောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကုန်ထုတ်လုပ်ငန်းများတိုးတက်လာတဲ့အခါ လုပ်ငန်းများဆောင်ရွက်နေတဲ့ ပြည်သူတစ်ဦးချင်းရဲ့ ဝင်ငွေများတိုးတက်လာပြီး တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်းစီရဲ့ GDP တိုးတက်လာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ မူဝါဒကလည်း ပြည်တွင်းစီးပွားရေးကို အားပေးခြင်းနဲ့ ကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာရှိတဲ့အတွက်ပြည်ပကိုအားကိုးခြင်းထက် ပြည်တွင်းအားဖြင့် **စာမျက်နှာ ၁၄ သို့** ➤

ရန်ကုန် ဇူလိုင် ၁၇

# အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၂)ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကျင်းပ




အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၂) ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Park Royal Hotel ၌ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ် သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mrs. Aya Saad Mohamed Abdelkarim နှင့် တာဝန်ရှိသူများက ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် အီဂျစ်အာရပ် သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာအီဂျစ် အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mrs. Aya Saad Mohamed Abdelkarim နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်တို့က နှုတ်ခွန်းဆက်စကားပြောကြား ကြပြီး (၇၂)နှစ်မြောက် အီဂျစ်အာရပ်သမ္မတ နိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် တက်ရောက်လာကြ သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး အခမ်းအနားသို့တက်ရောက်ကြ သူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ် ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ် များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြကြောင်းသိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၇

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၁၄)ကြိမ်မြောက် မိသားစုဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ



**ဆရာတော်ထံ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ (၁၄)ကြိမ်မြောက် မိသားစုဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ မဟာသန္တရံသိစေတီ တော်ကြီးဓမ္မာရုံ၌ပြုလုပ်ရာ မဟာဗောဓိ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလ အမှူးပြုသော သံဃာတော်များ ကြွရောက် တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူ များက မဟာဗောဓိကျောင်းတိုက်ဆရာတော် ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသော ပဋ္ဌာန်းပရိတ်တရားတော်များ နာယူကြ သည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာ ကြသူများက သံဃာတော်များထံ ဝါဆို သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာ တော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

နေပြည်တော် ဇူလိုင် ၁၇

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV-6 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Win Motor Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ် နိုင်ငံထုတ် FAW Volkswagen နှင့် FAW AUDI Q4 အမျိုးအစားလျှပ်စစ်သုံးမော်တော် ယာဉ်များ၊ Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာ သော တရုတ်နိုင်ငံထုတ် Dongfeng Nissan Ariya အမျိုးအစားလျှပ်စစ်သုံးမော်တော် ယာဉ်များ၊ Premier Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံ ထုတ် ZEEKR X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX Alpha T5 အမျိုးအစား လျှပ်စစ်သုံးမော်တော် ယာဉ်များ၊ Myanmar Construction & Development Infrastructure Co., Ltd. မှ တင်သွင်းလာသော Volkswagen ID-4၊ Volkswagen ID-6 နှင့် Volkswagen ID-7 အမျိုးအစား လျှပ်စစ်သုံးမော်တော် ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ လာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့် အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆° C | / | ၃၃.၀° C |
| ရန်ကုန် | ၂၄° C | / | ၃၁.၅° C |
| မန္တလေး | ၂၈° C | / | ၃၉.၃° C |

အဖိုးတန်ရေချိုကို ချွေတာကြပါစို့ | လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

➢**စာမျက်နှာ ၁၃ မှအဆက်**

အကျိုးရှိထိရောက်တဲ့ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုး မွေးမြူရေးနဲ့ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ကြခြင်းထက် ဈေးရောင်းချ သူပိုများနေတာဖြစ်ပါတယ်။ ထုတ်လုပ်မှုကို ပိုမိုဆောင်ရွက်နိုင်မယ်ဆိုရင် ဒါဟာနိုင်ငံ အတွက် ဝင်ငွေပိုမိုတိုးတက်လာမှာဖြစ် ပါတယ်။ ကုန်ထုတ်လုပ်မှုဆိုရာမှာလည်း ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနဲ့ လုပ်အားတို့ဟာ အဓိကလိုအပ်ချက်တွေ ဖြစ်ပါတယ်။ ကုန်ကြမ်းရှိမှ ပစ္စည်း ထုတ်လုပ်နိုင်မှာဖြစ်သလို သွင်းအားစုများနဲ့ ငွေကြေးအရင်းအနှီး၊ ကျွမ်းကျင်လုပ်သား များရှိမှလည်း လုပ်ငန်းလည်ပတ်နိုင်မှာ ဖြစ်ပါတယ်။ ကုန်ကြမ်းရရှိရန် သေချာတဲ့ စိုက်ပျိုးရေးကဏ္ဍကိုအခြေခံတဲ့ တန်ဖိုး ရှိ၊ တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ပြီး မြို့ပြနှင့်ကျေးလက်ကွာဟမှု၊ ဒေသတစ်ခု နဲ့တစ်ခုကွာဟမှု ကျဉ်းမြောင်းအောင် ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ ဒါမှလည်း ပြည်သူတစ်ဦးချင်းစီရဲ့ ဝင်ငွေတိုးတက်လာ မှာဖြစ်ပါတယ်။ ပြည်သူတွေ ဝင်ငွေ တိုးရင် နိုင်ငံရဲ့ဝင်ငွေလည်းတိုးမယ်။ နိုင်ငံ့ ဝင်ငွေတိုးရင် နိုင်ငံ့ GDP လည်း တိုးတက်ပြောင်းလဲလာမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် စာရေးသူတို့နိုင်ငံမှာရှိတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်မှာနေထိုင် ကြပြီး အဲဒီကျေးလက်နေပြည်သူများမှာ လယ်ယာ၊ သားငါးနဲ့ သစ်တောကဏ္ဍကို ဆောင်ရွက်နေသူတွေဟာ ၄၁ ရာခိုင်နှုန်း ခန့်ရှိပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆိုတာဟာလည်း သေချာတဲ့ကုန်ထုတ် လုပ်ငန်းတစ်ခုဖြစ်တဲ့အပြင် စိုက်ပျိုးမွေးမြူ ရေးဆောင်ရွက်ဖို့ ရေခံမြေခံကောင်း တွေကိုလည်း ပိုင်ဆိုင်ထားတဲ့ စာရေးသူတို့ နိုင်ငံမှာ စိုက်ပျိုးရေးနဲ့မွေးမြူရေးကို အခြေခံပြီး သူနဲ့ဆက်စပ်နေတဲ့ စက်မှု ကဏ္ဍကြီးနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးတို့ကို လည်း တိုးတက်အောင်ယှဉ်တွဲဆောင်ရွက် ရပါမယ်။ ကိုယ့်နိုင်ငံတွင်း စားရေရိက္ခာ ဖူလုံမှုမှသည် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေး ကိုပါအာမခံနိုင်တဲ့ စိုက်ပျိုးထုတ်လုပ်ရေး စွမ်းအားရှိတဲ့နိုင်ငံ( Agriculture Power Country) အဖြစ်ရပ်တည်နိုင်ပြီး နိုင်ငံ့ GDP ကိုတိုးမြှင့်အောင် ဆောင်ရွက်သွား ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပါတယ်။ ။

**ကိုးကား**

* **Central Bank of Myanmar**
* **Quarterly Financial Statistics Bulletin (2023 Volume III)**

နေပြည်တော်  ဇူလိုင်  ၁၇

# ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ်၊ သိမ်ဆိပ်နှင့်ဒုံဝန်းဘူတာအကြား ရထားလမ်းပေါ်တွင် မိုင်းဖောက်ခွဲထားမှုကြောင့် လူစီးရထားလမ်းချော်ကျမှုဖြစ်ပွားပြီး ရထားများကြန့်ကြာမှုဖြစ်



**အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ရထားလမ်းပျက်စီးပြီး ပဲခူး-မော်လမြိုင်လမ်းပိုင်း၊ သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား အမှတ်(၈၂)အစုန် လူစီးအမြန်ရထား လမ်းချော်ကျမှု အခြေအနေကို တွေ့ရစဉ်။**

အမှတ်(၈၁)အဆန် လူစီးအမြန်ရထားမှ ခရီးသည်များ ဆက်လက်ထွက်ခွာနိုင်ရေးအတွက် လမ်းချော်ကျသော အမှတ်(၈၂)အစုန်တွဲဆိုင်း၏ လမ်းချော်မကျသောတွဲများဖြင့် ခရီးသည်များအားကူးပြောင်းပြီး ညနေ ၅ နာရီ ၁၅ မိနစ်တွင် သထုံဘူတာဘက်သို့ ဆက်လက်ထွက်ခွာပေးနိုင်ခဲ့ပါသည်။ အဆိုပါခရီးသည်များ အဆင်ပြေစွာဆက်လက်ပို့ဆောင်ပေးနိုင်ရေးအတွက် မော်လမြိုင်တွင်ရှိသော စက်ခေါင်းနှင့်အရန်တွဲဆိုင်းဖြင့် သထုံဘူတာမှစောင့်ကြိုပြီး အမှတ်(၈၁)အဆန်ရထားအဖြစ် မော်လမြိုင်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ပါသည်။

မိုင်းဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ရထားလမ်းချော်ကျမှုဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံ ဖျက်ဆီးခြင်း(၂၀၆)ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း(၁၆၆)ကြိမ်၊ ဘူတာအဆောက်အအုံနှင့်ဝန်ထမ်းနေအိမ်များအားမီးရှို့ဖျက်ဆီးခြင်း (၄၂)ကြိမ် ကျူးလွန်ခဲ့ကြပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊





ပဲခူး-မော်လမြိုင်လမ်းပိုင်း၊ သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား အမှတ်(၈၂)အစုန် လူစီးအမြန်ရထား လမ်းချော်ကျမှုအခြေအနေကိုတွေ့ရစဉ်။





ပဲခူး-မော်လမြိုင်လမ်းပိုင်း၊ သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား ရထားလမ်းချော်ကျသည့် အမှတ်(၈၂)အစုန်ရထားပေါ်မှ ခရီးသည်များ ရထားကူးပြောင်းနေစဉ်။

ယနေ့ မော်လမြိုင်မှထွက်ခွာလာသည့် အမှတ်(၈၂)အစုန် မော်လမြိုင်-ရန်ကုန် လူစီးအမြန်ရထားသည် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သိမ်ဆိပ်ဘူတာနှင့်ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ်၊ ၁၂၃/၁၇-၁၅ သို့ နံနက် ၁၁ နာရီ ၁၀ မိနစ်အချိန် ရထားရောက်ရှိဖြတ်သန်းစဉ် အဆိုပါနေရာ၌ ရထားလမ်းမိုင်းပေါက်ကွဲထားခြင်းကြောင့် သံလမ်း(၁)ပေခွဲခန့်ပြတ်တောက်နေသဖြင့် စက်ခေါင်းနှင့်အတူ ရထားတွဲဆိုင်းတွင်ပါရှိသော လူစီးတွဲ(၂)တွဲ လမ်းချော်ကျမှုဖြစ်ပွားသည်။ ရထားလမ်းချော်ကျမှုကြောင့် ခရီးသည်နှင့် ဝန်ထမ်းထိခိုက်မှုမရှိဘဲ သိမ်ဆိပ်-ဒုံဝန်းလမ်းပိုင်းအား နံနက် ၁၁ နာရီ ၁၃ မိနစ်တွင် ယာယီပိတ်ထားခဲ့ရပါသည်။

လမ်းပိုင်းပိတ်ဆို့မှုကြောင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မှပုံမှန်ထွက်ခွာလာသော အမှတ်(၈၁)အဆန် လူစီးရထားသည် နံနက် ၁၁ နာရီ ၄၄ မိနစ်အချိန်တွင် ကျိုက်ထိုသို့ရောက်ရှိနေပြီး အဆိုပါရထားတွင် ရိုးရိုးတန်းခရီးသည်(၄၆၀)ဦးနှင့် အထက်တန်းခရီးသည်(၂၃၅)ဦး စုစုပေါင်း (၆၉၅)ဦး ပါရှိကြောင်းသိရှိရပါသည်။

လမ်းချော်ကျသည့် မော်လမြိုင်မှထွက်ခွာလာသော အမှတ်(၈၂)အစုန် လူစီးအမြန်ရထားပေါ်တွင် လိုက်ပါလာသည့် ရိုးရိုးတန်းခရီးသည်(၃၁၃)ဦးနှင့် အထက်တန်းခရီးသည်(၁၄၆)ဦး စုစုပေါင်း(၄၅၉)ဦးအား ဆက်လက်ထွက်ခွာနိုင်ရေးအတွက် ကျိုက်ထိုတွင်ရောက်ရှိနေသော အမှတ်(၈၁)အဆန် လူစီးအမြန်ရထားသည် ရထားလမ်းချော်ကျသည့်နေရာသို့ရောက်ရှိပြီး ညနေ ၄ နာရီခွဲတွင် ခရီးသည်များအား ရထားကူးပြောင်းပြီးစီး၍ ညနေ ၅ နာရီခွဲတွင် အမှတ်(၈၂) အစုန်လူစီးအမြန်ရထားအဖြစ် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော ရထားစက်ခေါင်းနှင့် လူစီးတွဲ(၂)တွဲအားမတင်၍ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့်ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ ရထားလမ်းနှင့်တံတားများ၊ ခရီးသည်များနှင့်ကုန်စည်များထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှုမရှိစေရေးရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းအပေါ် ဒေသခံများနှင့်ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိပါသည်။

**မြန်မာ့မီးရထား**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အနော်ရထာခန်းမအတွင်းရှိ
ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍
မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊
သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို
ကပ်လှူပူဇော်စဉ်။



ဆရာတော်၊ သံဃာတော်များအား
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး
ဒေါ်ကြူကြူလှတို့က
နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

★ ရှေ့ဖုံးမှအဆက်

သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒစရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်



ဆရာတော်ထံ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

က အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(ကြည်း)က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး တက်ရောက်လာကြသူများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် သန်လျင်မင်းကျောင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW July 17

# Families of Office of Commander-in-Chief of Defence Services (Army, Navy and Air) hold Waso robes offering ceremony for 2024



Senior General Min Aung Hlaing, Daw Kyu Kyu Hla and the congregation listen to the sermon by Sayadaws.

Families of the Office of the Commander-in-Chief of Defence Services (Army, Navy and Air) held a ceremony to offer Waso robes for 2024 at Anawrahta Hall of the Office of the Commander-in-Chief (Army) here this morning. Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony and offered Waso robes, alms and a day meal.

Present to pay respects to 27 Sayadaws led by Ovadacariya Sayadaws of Uppatasanti Pagoda Board of Trustees led by Chairman of the State Sangha Maha Nayaka Committee Patron of Thanlyin Minkyaung Pathamapyan Sarthintaik in Thanlyin, Yangon Region, Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candima Bhivamsa, and Secretary of SSMNC Patron of Masoeyein Taikthit, Mandalay, Sayadaw of Dhammathamiddhi Monastery Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kathika Bahujana Hitadhara Bhaddanta Vasethabhivamsa were the Senior General and wife, Vice Chairman of the SAC Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Chief of the General Staff (Army, Navy and Air) General Maung Maung Aye and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, Union level officials and wives, senior military officers from the Office of the Commander-in-Chief and wives and officials.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer Waso robe and alms to the SSMNC Chairman Sayadaw.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer meals to Sayadaws.

First, the Senior General paid homage and offered a meal in an emerald bowl, flowers, water and oil lamps to the Buddha Image in Anawrahta Hall.

Next, the ceremony was opened with a three-time recitation of Namotassa, and the congre-

See Page - 19

●● From Page - 18

gation led by the Senior General and wife took the Nine Precepts from the SSMNC Chairman Sayadaw. Sayadaws recited Parittas.

Then, the Senior General and wife offered Waso robes and alms to the SSMNC Chairman Sayadaw.

The Vice-Senior General offered Waso robes and alms to SSMNC Secretary Sayadaw.

After that, those in attendance and wives offered Waso robes and alms to the remaining Sayadaws.

The Senior General and wife and the congregation heard a sermon delivered by the SSMNC Secretary Sayadaw and the merits gained were shared. The ceremony then came to a close after a three-time recitation of Buddha Sasanam Ciram Tittatu.

After the ceremony, the Senior General and wife, the Vice-Senior General and the senior military officers in attendance offered day meal to the Sayadaws.

**100**



Vice-Senior General Soe Win offers Waso robe and alms to the SSMNC Secretary Sayadaw.

FISHERY

# Thayetkone fisheries station hatches three fish species

“Thayetkone fisheries station is hatching three types of fish to add more fish in Mandalay Region,”said U Tun Naung Win, Assistant Director of Thayetkone fisheries station in Mandalay Region.

In order to increase the abundance of these fish species and prevent them from becoming extinct, the Thayetkone fisheries station takes care of the fish hatchlings, hatches them every year, and carries out reproductive activities. The fish species that are currently being hatched are rohu fish, silver barb and silver carp for breeding purposes.

"Thayetkone fisheries station conducts research and breeding of fish species. The purposes are to continuously catch and eat fish in Myanmar's rivers, streams, lakes, and dams, to ensure fish food supply and abundant fish resources, to provide employment opportunities for local fishermen and to increase the consumption of fish in Myanmar," he explained.

**SK**

TOURISM

# Local travellers visit CBT site of Hsinkyun Village

According to U Maung Maung Lay, leader of Irrwaddy dolphin protection team, flocks of local travellers visit Hsinkyun Village of Madaya Township where community-based tourism site is being implemented.

The village is engaged in operating weaving industries, pottery industries, bamboo hat industries, cheroot industries and slipper industries attracting travellers.

“Travellers leading to Hsinkyun Village also purpose to watch habitat of Irrawaddy dolphins in Ayeyawady River in Madaya Township,” said the leader.

Some 160 travellers visited the village daily in the first week of June, compared with more than 320 travellers on a daily basis starting from the second week of June. Community-based tourism sites are being implemented in Madaya and Singu townships of Mandalay and Wetlet Township in Sagaing Region. These CBT villages in Madaya Township are Hsinkyun, Ayekyun, Myaysun and Seinpangon villages where Myitkangyi and Hsethel villages are included in Singu Township in addition to Ywathit, Tagaung and Sheinmaka villages from Wetlet Township. **SK**

BUSINESS

# Foreign demand drives surge in red pigeon peas sales at Mandalay market

“Foreign demand is driving the surge in red pigeon peas sales in the Mandalay market,” said U Sett Maung Swe, secretary of the Mandalay, Brokers, Traders and Millers Maha Kahtaintaw (Mandalay Commodity Exchange) Association.

It is reported that China is currently repurchasing red pigeon peas produced from Myanmar. Previously, the trading status of red pigeon peas was normal in the Mandalay market. At present, domestic red pigeon peas have entered the Mandalay market and the business is recovering.

In Mandalay market, there were a lot of domestic and foreign purchases of red pigeon peas. According to the market price on June 18, the price of red pigeon peas was up to Ks-440,000 per three-basket bag.

"At the moment, the trade of red pigeon peas has started to improve again. The China has also started to buy it more recently. Previously, the trade was stopped because there was no purchase from China. Now the sales of red pigeon peas are good in the Mandalay market," he continued. **SMK**

AGRICULTURE

# Kyunhla Township farmers reap 14,236 acres of winter peanuts this year

A total of 14,236 acres of peanuts planted in the winter crop season in Kyunhla Township, Kanbalu District in Sagaing Region have been harvested, according to statistics from the Department of Agriculture in Kyunhla Township.

During the 2023-2024 winter crop planting season, 14,236 acres of winter peanuts have been harvested, yielding 75.25 baskets per acre.


“In order to ensure self-sufficiency in local consumption, peanuts, sunflowers, sesames, and mustards are grown as winter oil crops in Kyunhla Township. The peanuts are planted in the rainy and winter seasons. Year by year, the cultivation is expanding and the yield is increasing,” said Daw Myint Myint Yee, head of the Department of Agriculture in Kyunhla Township.

In addition, the Department of Agriculture for the township instructed the winter peanut farmers in Kyunhla Township to select good varieties, correct planting method, and provided knowledge on using the GAP method.

**SMK**

UNITED STATES

# Biden losing support in 14 key states ahead of November election - Poll



Biden losing support in 14 key states ahead of November election.

Incumbent US President Joe Biden is losing support in 14 key states, which are gradually turning to his predecessor and rival, Donald Trump, ahead of the November elections, CNN reported on Wednesday, citing poll data.

The poll, conducted by the BlueLabs pollster, funded by the US Democratic Party, and obtained by CNN, found that Trump is outpacing Biden in Arizona, Georgia, Michigan, Pennsylvania, and Wisconsin, which the incumbent president managed to flip in his favor in the 2020 election. Besides that, people in Nevada, Colorado, Minnesota, Maine, New Mexico, Virginia, New Hampshire, and a part of Nebraska are also losing faith in Biden.

The polling also indicated that almost all other Democrats included in the questionnaire are ahead of Biden in battleground states. The four most popular ones are Arizona Senator Mark Kelly, Maryland Governor Wes Moore, Pennsylvania Governor Josh Shapiro, and Michigan Governor Gretchen Whitmer.

On June 27, Biden, 81, appeared confused and incoherent throughout his first debate with Trump, 78, reinforcing rather than alleviating ongoing concerns about his cognitive abilities. His poor performance has led some Democratic politicians and donors to call for his removal as a candidate.

There have been growing calls among Democrats to nominate another candidate to replace Biden after his failure in the debate. Theoretically, the party will have such an opportunity at its convention in August, but in practice, it will be difficult to remove the primaries-winning candidate from the race if he does not refuse to participate. So far, Biden is saying he intends to stay in the race.

The second Biden-Trump debate is scheduled for September 10. The US presidential election will take place on November 5.

**Sputnik**

TÜRKIYE

# Türkiye detains 396 suspects for drug manufacturing, trafficking

Turkish police detained 396 suspects for manufacturing and trafficking drugs in operations across the country, Interior Minister Ali Yerlikaya said Wednesday.

The security forces seized more than 1.7 tons of narcotics and 1.18 million narcotic pills in raids carried out across 57 provinces, Yerlikaya wrote on social media platform X, without specifying the time frame of the operations.

He added that the police teams carried out the raids with the participation of a total of 2,475 personnel, with the support of eight aerial vehicles and 34 narcotic detector dogs.

"Our fight against drug dealers and organized crime groups that poison our people will continue with determination with the support and prayers of our nation," Yerlikaya said.

Türkiye, often used by illegal drug dealers as a transit hub, has been ramping up efforts to crack down on drug smuggling since last year.

In June, Turkish police detained nine people suspected of involvement in international drug trafficking and seized 373 kg of cocaine, which was concealed in a container at the Gemlik Port in northwestern Bursa Province.

**Xinhua**

RUSSIA

# Russia implements technology of controlling UAVs via satellites - Roscosmos

The Gonets Satellite System company, together with the Geoscan, conducted an experiment for the first time in Russia and set up drone control via a space satellite, the Gonets company which is part of Russian state space corporation Roscosmos told Sputnik.

"In Russia, for the first time, the technology of controlling a drone via satellite has been implemented. As part of the joint experiment of Gonets Satellite System and Geoscan company, which was conducted at the Archipelago-2024 design and educational intensive in the Sakhalin Region, location data, telemetry data of the drone were successfully transmitted to the data center of the Gonets satellite system, as well as a command has been sent via satellite to forcibly return the UAV to the launch site," the company said.

In the future, it could be used to track the location of drones where other communication channels are not available.



Russia implements technology of controlling UAVs via satellites.

The tests were conducted with the Geoscan 201 drone equipped with an experimental on-board Gonets modem and antenna in a special lightweight form factor. Ground tests and flights at the Pushisty airfield took place from July 13 to 16. During this time, developers evaluated the ability to establish communications, transmit telemetry data from the drone to the Gonets-Mspacecraft, and send commands from the ground control station to the drone via satellite.

A total of six flights were conducted.

**Sputnik**

INDIA

# 13 Indians among 16 missing after oil tanker capsizes off Oman coast

Sixteen people, including 13 Indians aboard a Comorian-flagged oil tanker went missing after it capsized off the coast of Oman, officials said.

According to the Sultanate of Oman's Maritime Security Centre (MSC), the oil tanker capsized 25 NM southeast of Ras Madrakah on Tuesday.

Though Oman has not specified the cause of the capsize, it said search and rescue operations were underway in the area for the missing crew.

The MSC has identified the vessel as Prestige Falcon and said it has 16 crew members on board including 13 Indians and three Sri Lankans.

Local media reports quoting Indian defence officials said the Indian Navy Wednesday deployed the warship INS Teg along with maritime surveillance aircraft P-81 to assist Oman in search and rescue operations of the missing oil tanker. **Xinhua**

UNITED STATES

# Gold hit new all-time high at US$-2,487.25 per ounce

Gold hit a new all-time high on Wednesday at US$-2,487.25 per troy ounce, trading data shows, as analysts are cautiously waiting for fresh US statistics, which have a large impact on gold price.

As of 8:10 GMT, August gold futures on the New York Comex exchange were trading up 0.52 percent at US$-2,480.6 per ounce, minutes earlier peaking at US$-2,487.25 per ounce.

September silver futures were down 0.92 percent to US$-31.17 per ounce.

Later on Wednesday, the US Commerce Department will publish data on the number of new buildings in the country. The number of new homes starting construction in June is expected to increase to 1.31 million from 1.277 million in May.

On the same day, the US Federal Reserve will publish the Beige Book — monthly comments on the economic situation in the country.

**Sputnik**

NAY PYI TAW July 17

# PDF terrorists attack Aungthar Village in Pakokku with heavy and small arms, drop bombs: three innocent civilians including headmistress killed, one injured



Photo shows the houses destroyed in arson attacks by the PDF terrorists on Aungthar Village.

PDF terrorists attacked Aungthar Village in Pakokku Town, Magway Region, with heavy and small weapons and drop bombs this morning, resulting in the deaths of three innocent civilians, including a headmistress, and injuring another teacher.

The incident occurred between 5:20 am and 6:20 am today, as the terrorists fired heavy and small arms and drop bombs into Aungthar Village, located approximately 17,000 meters southwest of Pakokku. The attack killed a headmistress, a male civilian, and a female civilian, totaling three deaths, while another teacher was injured. Additionally, the terrorists set fire to houses in the village, resulting in the destruction of 36 homes. The injured teacher was taken to Pakokku People's hospital by security forces for medical treatment.

Due to the attacks involving heavy and small arms and drop bombs in peaceful towns and villages, the local people's lives, homes, and properties have been destroyed. The local populace strongly condemns these acts of terrorism and cannot accept such actions. Security forces are increasing necessary security operations.

**100**




The map shows the incident in which the PDF terrorists fired heavy and small arms and drop bombs into Aungthar Village.

AGRICULTURE

# More than 2,000 acres of farmlands placed under monsoon paddy in Khamti Township

According to the Khamti Township Agriculture Department, a total of 1,504 acres of farmlands have been placed under monsoon paddy in Khamti Township of Sagaing Region this monsoon.

In 2024-2025 monsoon, the township earmarked 8,350 acres of monsoon paddy but local farmers have so far planted 2,504 acres of monsoon paddy.

Daw Su Su Khaing, Head of Khamti Township Agriculture Department, said: "We earmarked cultivation of more than 8,000 acres of monsoon paddy but local farmers have completed cultivation of more than 2,000 acres. Our department helps local farmer grow paddy meeting the target with agricultural techniques."

In 2023-2024 FY, the township set a plan to grow 8,300 acres of monsoon paddy but local farmers planted 8,279 acres of monsoon from May to September, exceeding the target.

Local farmers use Hsin Ekari-3, Ayeyamin, Hmawbi-2, and domestic paddy strains, with the water from damming creeks and drains in monsoon. Township departmental officials help local farmers prevent pests, minimize loss of crops and keep crops under shelter in time.

Township Agriculture Department provides assistance for local farmers with pests and fertilizers.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

မော်စကို၊ စစ်ရေး

# NATO အဖွဲ့သို့ ယူကရိန်းဝင်ရောက်ခြင်းက ရုရှားနိုင်ငံအား စစ်ကြေညာခြင်းဖြစ်ဟု မက်ဗီဒက် သတိပေးပြောကြား



NATO အဖွဲ့အတွင်းသို့ ယူကရိန်းဝင်ရောက်ခြင်းသည် ရုရှားနိုင်ငံအား စစ်ကြေညာခြင်းဖြစ်ကြောင်း ရုရှားသမ္မတဟောင်းနှင့် လက်ရှိရုရှားလုံခြုံရေးကောင်စီ လက်ထောက်ဥက္ကဋ္ဌ ဒီမီထရီမက်ဗီဒက်က သတိပေးပြောကြားသည်။

ထို့ကြောင့် NATO အဖွဲ့ဝင်နိုင်ငံများ၏ အမျှော်အမြင်ရှိခြင်းက ကြီးမားသည့် အပျက်အစီးများဖြစ်ပွားမည့်အခြေအနေကို ကာကွယ်ဟန့်တားနိုင်မည်ဖြစ်ကြောင်း မက်ဗီဒက်က ဇူလိုင်လ ၁၇ ရက်ထုတ်ပြန်ချက်တွင် ပြောကြားခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံက NATO အဖွဲ့သို့ အဖွဲ့ဝင်တစ်နိုင်ငံအဖြစ် ဝင်ရောက်ခြင်းသည် ရုရှားနိုင်ငံအပေါ် တိုက်ရိုက်ကျရောက်နေသည့် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ ပြိုင်ဘက်နိုင်ငံများသည် စစ်ရေးအရပူးပေါင်းမှုကို နှစ်ပေါင်းများစွာကြာ ချဲ့ထွင်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက သတင်းဌာနတစ်ခုသို့ ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံသည် NATO အဖွဲ့အားခြိမ်းခြောက်ခြင်းမရှိသော်လည်း မိမိတို့အကျိုးစီးပွားအတွက် တုံ့ပြန်သွားမည်ဖြစ်ကြောင်း မက်ဗီဒက်က ဆက်လက်ပြောကြားခဲ့ကြောင်းသိရသည်။

*Ref: ST*

ဝါရှင်တန်၊ အကြမ်းဖက်မှု

# အီရန်က ထရမ့်အားလုပ်ကြံရန် ကြံစည်နေဟူသော ထောက်လှမ်းရေးသတင်းရရှိခဲ့ဟု အမေရိကန်ပြော

အမေရိကန်သမ္မတဟောင်း ဒေါ်နယ် ထရမ့်အား အီရန်နိုင်ငံက လုပ်ကြံသတ်ဖြတ်ရန် ကြံစည်နေသည်ဟူသော ထောက်လှမ်းရေးသတင်းများအား ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်းကတည်းက ရရှိခဲ့ကြောင်း အမေရိကန်အစိုးရက ထုတ်ပြန်သည်။

အီရန်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်က အီရန်တပ်မှူးတစ်ဦးဖြစ်သူ ကာဆန်ဆိုလေမာနီအား လုပ်ကြံသတ်ဖြတ်ရန် အမိန့်ပေးမှုကြောင့် အီရန်က သမ္မတဟောင်းထရမ့်အား လက်တုံ့ပြန်မည်ကို အမေရိကန်အရာရှိများက စိုးရိမ်မကင်းဖြစ်ခဲ့ကြကြောင်း၊ ထိုသို့သောခြိမ်းခြောက်မှုမျိုးကို အထူးဦးစားပေးရမည့် အမျိုးသားနှင့် အမိမြေလုံခြုံရေးကိစ္စရပ်တစ်ခုအဖြစ်မှတ်ယူထားကြောင်း အိမ်ဖြူတော်မှ အမျိုးသားလုံခြုံရေးကောင်စီမှ ပြောရေးဆိုခွင့်ရှိသူ အေဒရီယန်ဝမ်ဆင်က ပြောသည်။

အီရန်က ထရမ့်အားလုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းနေသည်ဟူသော ထောက်လှမ်းရေးသတင်းအချက်အလက်အား လူတစ်ဦးထံမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း စီအင်အင်သတင်းဌာနကဖော်ပြသည်။

အမေရိကန်၏စွပ်စွဲချက်များအား အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ နက်ဆာကာနာနီက ငြင်းဆိုထားသည်။

ထရမ့်သည် ဇူလိုင်လ ၁၃ ရက်တွင် ပင်ဆေးဗေးနီးယားပြည်နယ် မဲဆွယ်ပွဲတစ်ခု၌ သောမတ်မက်သရူးခရွတ်အမည်ရှိ သေနတ်သမား၏ ပစ်ခတ်တိုက်ခိုက်မှုကိုခံခဲ့ရပြီး နားရွက်တွင် ဒဏ်ရာရရှိသွားကြောင်းသိရသည်။

*Ref: ST,RT*



ဘန်ကောက်၊ ရာဇဝတ်မှု

# ဘန်ကောက်မြို့ဟိုတယ်တစ်ခုတွင်သေဆုံးခဲ့သည့် နိုင်ငံခြားသားခြောက်ဦးမှာ အဆိပ်မိခဲ့ခြင်းဖြစ်ဟု ထိုင်းထုတ်ပြန်



ထိုင်းနိုင်ငံ ဘန်ကောက်မြို့လယ်ရှိ ဟိုတယ်တစ်ခုတွင် သေဆုံးလျက်တွေ့ရှိခဲ့သည့် နိုင်ငံခြားသား ခြောက်ဦးမှာ အဆိပ်မိခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်အဖွဲ့က ဇူလိုင်လ ၁၇ ရက်တွင် ထုတ်ပြန်သည်။

သေဆုံးသူများမှာ အမျိုးသားသုံးဦးနှင့် အမျိုးသမီးသုံးဦးဖြစ်ပြီး ၎င်းတို့အားလုံးသည် ဟိုတယ်ရှိအခန်းတစ်ခုထဲတွင် ဇူလိုင်လ ၁၆ ရက်က သေဆုံးနေခြင်းဖြစ်ကြောင်း၊ သေဆုံးရသည့်အကြောင်းရင်းမှာ ဆိုက်ယာနိုက်အဆိပ်မိခြင်းဖြစ်ကြောင်း၊ သေဆုံးသူများအနက် အမေရိကန်-ဗီယက်နမ်နိုင်ငံသား ရှရိုင်းချုန်အမည်ရှိ အမျိုးသမီးက ကျန်ငါးဦးကို အဆိပ်ခတ်ပြီးနောက် ၎င်းကိုယ်၎င်းသတ်သေသွားခြင်းဖြစ်ကြောင်း ချူလာလောင်ကွန်းဆေးရုံကပြောသည်။

သေဆုံးသူများ၏ ရုပ်အလောင်းများကို ခွဲစိတ်စစ်ဆေးကြည့်ရာ ဆိုက်ယာနိုက်အဆိပ်ကို တွေ့ရှိရကြောင်း ဆေးရုံမှ ဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာကွန်းကီးယက် ဗောင်ပိုင်ဆန်းဆင်ကပြောသည်။ စုံစမ်းစစ်ဆေးသူများသည် သေဆုံးသူတစ်ဦး၏ သမီးတစ်ဦးအပါအဝင် မျက်မြင်သက်သေများ၏ ပြောဆိုချက်များကို ကောက်ချက်ချပြီးနောက် အမှုကို ဖော်ထုတ်နိုင်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။

သေဆုံးသူများသည် သေဆုံးပြီးနောက် ၂၄ နာရီအကြာမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုဖြစ်ပွားသည့် အဆိပ်ခတ်မှုသည် ကြွေးမြီကိစ္စနှင့်ဆက်နွယ်လျက်ရှိကြောင်း သိရသည်။ ယင်းဖြစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူများအပေါ် သက်ရောက်မှုမရှိစေရေးအတွက်စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ဝန်ကြီးချုပ်ဆေထာထဝီဆင်က ညွှန်ကြားခဲ့ကြောင်း သိရသည်။

*Ref: ST, Xinhua*

ကိုင်ရို၊ နိုင်ငံရေး

# ဟားမက်စ်အဖွဲ့နှင့် အစ္စရေးတို့ကြား အပစ်အခတ် ရပ်စဲရေးနှင့်စပ်လျဉ်း၍ အီဂျစ်နှင့် ပြင်သစ်ဆွေးနွေး



ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းစစ်သွေးကြွဟားမက်စ်အဖွဲ့နှင့် အစ္စရေးတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အီဂျစ်သမ္မတ အဗ္ဗဒယ်အယ်လ်စီစီနှင့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်တို့က ဆွေးနွေးခဲ့ကြောင်းသိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဇူလိုင်လ ၁၆ ရက်တွင် တယ်လီဖုန်းမှတစ်ဆင့်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး အပစ်အခတ်ရပ်စဲရေးချမှတ်နိုင်ရေးနှင့် ဂါဇာသို့ လူသားချင်းစာနာမှုအကူအညီများပေးအပ်နိုင်ရေး ကြိုးပမ်းမှုတွင် အီဂျစ်နိုင်ငံက ကြားဝင်ဖျန်ဖြေရေးကြိုးပမ်းမှုနှင့် ကြားဝင်ဖြေရှင်းမှုကို ထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတကာမှ အားပေးထောက်ခံမှုများ လိုအပ်လျက်ရှိကြောင်း စီစီကပြောကြားခဲ့သည်။ အလားတူပင် အစ္စရေးနှင့် ဟားမက်စ်တို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ချမှတ်နိုင်ရန်အတွက် အီဂျစ်အစိုးရက ပါဝင်လုပ်ဆောင်နေသည့် ကြိုးပမ်းမှုအပေါ် အသိအမှတ်ပြုကြောင်း မက်ခရွန်ကတုံ့ပြန်ပြောကြားခဲ့သည်။


အစ္စရေးနှင့် ဟားမက်စ်တို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ချမှတ်နိုင်ရန်အတွက် ဆွေးနွေးမှုများကို အီဂျစ်နှင့် ကာတာနိုင်ငံတို့က ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ သို့သော် တိုးတက်မှုထင်သလောက်မရရှိခဲ့ကြောင်းသိရသည်။

ဆက်လက်ဖြစ်ပွားနေသည့် အစ္စရေးနှင့် ဟားမက်စ်တို့ကြား ပစ်ခတ်တိုက်ခိုက်မှုများအတွင်း ပါလက်စတိုင်း သုံးသောင်းကျော်သေဆုံးပြီး ကိုးသောင်းနီးပါးဒဏ်ရာရရှိထားကြောင်း၊ အစ္စရေးဘက်တွင်လည်း လူ ၁၂၀၀ ခန့်သေဆုံးပြီး ၂၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ *Ref:Xinhua*

နေပြည်တော်  ဇူလိုင်  ၁၇

# PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့၊ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျောင်းအုပ်ဆရာမကြီးအပါအဝင် အပြစ်မဲ့ပြည်သူ ၃ ဦးသေဆုံး၊ ၁ ဦးဒဏ်ရာရ

PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့၊ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြပုံ






PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့၊ အောင်သာကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးလောင်ပျက်စီးခဲ့ရသည့်နေအိမ်များအား တွေ့ရစဉ်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မူလတန်းကျောင်းအုပ်ဆရာမကြီးအပါအဝင် အပြစ်မဲ့ပြည်သူ ၃ ဦး သေဆုံးပြီး ဆရာမ ၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက် ၅ နာရီ ၂၀ မိနစ်မှ ၆ နာရီ ၂၀ မိနစ်အထိ ပခုက္ကူမြို့ အနောက်တောင်ဘက် မီတာ ၁၇၀၀၀ ခန့်အကွာတွင်ရှိသော အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မူလတန်းကျောင်းအုပ်ဆရာမကြီး ၁ ဦးအပါအဝင် အပြစ်မဲ့ပြည်သူအမျိုးသား ၁ ဦး၊ အမျိုးသမီး ၁ ဦး စုစုပေါင်း ၃ ဦးသေဆုံးခဲ့ပြီး ဆရာမ ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာအတွင်းရှိနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၃၆ လုံး မီးလောင်ပျက်စီးခဲ့ရကြောင်းသိရှိရပြီး ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆရာမ ၁ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းကြောင့် ပြည်သူလူထု၏အသက်အိုးအိမ်၊ စည်းစိမ်များပျက်စီးဆုံးရှုံးခဲ့ရပြီး ထိုသို့ အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဒေသခံပြည်သူလူထုမှလုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော်  ဇူလိုင်  ၁၇

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကိုထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “စိုင်းမင်းနောင်သဒ္ဒါထက်ဖြိုးမောင်မောင်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျီကုန်းကျေးရွာနေ ရာဇာထွန်း(ခ)ကိုထက်အား ညနေ ၃ နာရီခွဲတွင် ပုသိမ်ကြီးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

နေပြည်တော်  ဇူလိုင်  ၁၇


# မော်လမြိုင်ကျွန်းမြို့တွင် လူငယ် ၂ ဦးကို စစ်မှုထမ်းဆောင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့တွင် စစ်မှုထမ်းဆောင်ရန် အမည်စာရင်းတွင်ပါဝင်ပြီး လာရောက်သတင်းပို့ခြင်းမရှိသည့်လူငယ် ၂ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင်လ ၁၄ ရက်နေ့တွင် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ မော်လမြိုင်ကျွန်းမြို့တွင် စစ်မှုထမ်းဆောင်ရန် အမည်စာရင်းပါဝင်ပြီး လာရောက်သတင်းပို့ရန် ပျက်ကွက်သူများ မရှိကြောင်းနှင့်တရားမဝင်ပြည်ဖျက်မီဒီယာများတွင် ရေးသားဖော်ပြခဲ့သည့် အဆိုပါလူငယ် ၂ ဦးမှာလည်း ပြည်သူ့စစ်မှုထမ်းအမည်စာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး တာဝန်ရှိသူများအနေဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေစတင်အာဏာတည်သည့်နေ့မှစ၍ ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် လူမှုကွန်ရက်တွင် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)




နေပြည်တော်  ဇူလိုင်  ၁၇

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။

(မိုး/ဇလ)

ကျိုင်းတုံ၊ လူမှုရေး

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲ (မိုင်းဇင်း)၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုတတ်သော အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၁၇ ရက် မွန်းလွဲပိုင်းတွင် ကျင်းပကြောင်း သိရသည်။



ရှေးဦးစွာ ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်နှင့် ဦးစီးအရာရှိ ဦးစိုင်းရွှေအောင်တို့က ကျောင်းသား၊ ကျောင်းသူများ အသိအလိမ္မာနှင့် ပညာဗဟုသုတများ ရရှိနိုင်စေရေး စာပေဖတ်ရှုကြရန်လိုအပ်ကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အမှား၊ အမှန် ခွဲခြားတတ်ပြီး အသိပညာများ ရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် သုတ၊ ရသစာအုပ်များကို အခမဲ့ငှားရမ်းပေးလျက်ရှိကြောင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း စာပေများဖတ်ရှု၍ လူကုန်ကူးမှုဖြစ်စဉ်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်း ရှောင်ရှားစေနိုင်မည်ဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို မူးယစ်ဆေးဝါးဆိုးကျိုးများဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံများ ပြသပေးရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**စိုင်းရွှေအောင်(ခရိုင်ပြန်/ဆက်)**

မိုင်းယန်း၊ လူမှုရေး

## မိုင်းယန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင်လ ၁၆ ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက မြို့နယ်ပြည်သူ့ဆေးရုံရှိ ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအားတွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း အခြေအနေများကို သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲကျင်းပရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ လူငယ်ရေးရာ အသိပညာပေးလုပ်ငန်းများ၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ၊ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သီဟာက မိုင်းယန်းခရိုင်၏ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ထွန်းထွန်းထူး**

မိုင်းယန်း၊ လူမှုရေး

## ကော်နမ့်ခဲဝမ်မိုင်ကျေးရွာနှင့် ကော်နန့်ခဲကောင်ကျေးရွာရှိ စီမံကိန်းလုပ်ငန်းများစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကော်နမ့်ခဲဝမ်မိုင်ကျေးရွာနှင့် ကော်နန့်ခဲကောင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင်လ ၁၆ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး-နည်းပညာ ဒေါ်ဝါဝါကျော်စိုး၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်/မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းနှင့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး-နည်းပညာ ဒေါ်ဝါဝါကျော်စိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကော်နမ့်ခဲဝမ်မိုင်ကျေးရွာနှင့်ကော်နန့်ခဲကောင် ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦးကို ငွေကျပ် ၂၂ ဒသမ ၅ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးထားကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

မိုင်းဖြတ်၊ အသိပညာပေး

## (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို နံရံကပ်စာစောင်များ ပြသခြင်းဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို ဇူလိုင်လ ၁၆ ရက်တွင် ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က မြန်မာ့သမိုင်းတွင် သမိုင်းဝင်နေ့ထူးနေ့ရက် များစွာရှိကြောင်း၊ သမိုင်းဝင်နေ့ထူးနေ့ရက်များထဲမှ အာဇာနည်နေ့သည် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးအား မသမာသူတို့၏ လုပ်ကြံသတ်ဖြတ်ခံရသည့်နေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့ပုံနှင့် ထိုနေ့သည် မြန်မာနိုင်ငံပြည်သူပြည်သားတို့၏ ကြေကွဲဖွယ် သမိုင်းဝင်နေ့ဖြစ်ပုံ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မမေ့အပ်ပုံနှင့် ၁၉၄၇ ခုနှစ်မှစတင်ကာ ယခုနှစ်တွင် (၇၇)နှစ်တိုင်တိုင်ရှိပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဟောပြောပွဲအပြီးတွင် ခင်းကျင်းပြသထားသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများ၊ နံရံကပ်စာစောင်များနှင့် စာအုပ်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**သန်းထွန်းအေး(မိုင်းဖြတ်)**

ကျိုင်းတုံ၊ စိုက်ပျိုးရေး

## မြေသြဇာကြဲပက်ခြင်းနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကွင်းအမှတ် (၁၄) ရှိ တောင်သူ ဦးစိုင်းလုံပျန်း၏လယ်မြေ၌ ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက တောင်သူများနှင့် တွေ့ဆုံ၍ မြေသြဇာကြဲပက်ခြင်းနှင့်သွင်းအားစုများထောက်ပံ့ပေးအပ်ခြင်းဆောင်ရွက်သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထွန်းက ယူရီးယားဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ရောစပ်သုံးစွဲရခြင်းအကြောင်း တောင်သူများအားပညာပေးရှင်းလင်းပြီး တောင်သူများက လယ်မြေအတွင်း မြေသြဇာများ ကြဲပက်သရုပ်ပြခြင်း ဆောင်ရွက်ရာ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်(စက်မှုသီးနှံစိုက်ပျိုးပညာပေးရေး) စိုက်ပျိုးရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှဝင်းနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက ကြည့်ရှုအားပေးသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက အခမ်းအနားသို့တက်ရောက်သော တောင်သူ ၅၀ ဦးအား ယူရီးယားဓာတ်မြေသြဇာအိတ်များ ပေးအပ်ကြကြောင်း သိရသည်။

**မောင်အိုးစည်**



နေပြည်တော် ဇူလိုင် ၁၇

# သုခတော်ဝင်အိမ်ရာစီမံကိန်းအပိုင်း(၂) ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက်ပြီး နေပြည်တော်စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေး၌ တည်ဆောက်မည့် သုခတော်ဝင်အိမ်ရာစီမံကိန်း အပိုင်း(၂) ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးနှင့်တာဝန်ရှိသူများတက်ရောက်၍ သတ်မှတ်နေရာအသီးသီးတွင် ရတနာပန္နက်တော်ကို ကိုးချက်စိုက်ထူကာ အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

အဆိုပါ သုခတော်ဝင်အိမ်ရာစီမံကိန်း အပိုင်း(၂)တည်ဆောက်ရာတွင် စတုရန်းပေ ၇၃၂ ပေအကျယ်ရှိသော အိပ်ခန်းနှစ်ခန်းပါ ငါးထပ်အဆောက်အအုံနှင့် စတုရန်းပေ ၁၀၉၂ ပေ အကျယ်ရှိသော အိပ်ခန်းသုံးခန်းပါ ငါးထပ်အဆောက်အအုံများ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး တောင်သူများကို သဘာဝမြေဩဇာများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များပေးအပ်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အဖွဲ့သည် တောင်သူများနှင့်အတူ စိုက်ပျိုးရေးဦးစီးဌာနမှ EM ဘိုကာရှီ သဘာဝမြေဩဇာပြုလုပ်မှုသရုပ်ပြသခြင်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ကွင်းသို့ရောက်ရှိပြီး ပဲပုပ်သီးနှံနှင့် ပဲတီစိမ်းသီးနှံစိုက်ခင်းများကို ကြည့်ရှုအားပေးကာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ကွင်း၌ နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ် ရွှေစင်ရွှေပြားကပ်လှူပူဇော်ရေးလုပ်ငန်းနှင့် ရွှေထီးတော်ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရေး၊ ရေရှည်ခိုင်ခံ့စေရေး၊ ကြည်ညိုဖွယ်ဖြစ်စေရေးကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် နေပြည်တော်အတွင်း ဆီထွက်သီးနှံကုန်ကြမ်းများ တစ်နှစ်ပတ်လုံးထွက်ရှိစေရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။ **(၅၀၀)**

---

နေပြည်တော် ဇူလိုင် ၁၇

# TTTC(ဘယ်လင်း)၌ World Youth Skills Day ပြိုင်ပွဲများမှ ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



သိပ္ပံ၊နည်းပညာနှင့်ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇)ပါ လုပ်ငန်းစဉ်အရ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်၊ TTTC(ဘယ်လင်း)၌ ဇူလိုင်လ ၁၅ ရက်တွင်ကျရောက်သော World Youth Skills Day အထိမ်းအမှတ်အဖြစ် **Youth Skills for Peace and Development** ဆောင်ပုဒ်ဖြင့် ယင်းနေ့မှစ၍ ကျောင်းသား၊ ကျောင်းသူများ၏ Skills ပြိုင်ပွဲများနှင့် Innovation Project ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက **ယခုလိုပြိုင်ပွဲများမှ စွမ်းရည်ပြည့်ဝသော နည်းပညာရှင်လူငယ်များကို မြေတောင်မြှောက်ပေးနိုင်ပြီး ပြည်တွင်းစွန့်ဦးတီထွင်ဖန်တီးမှုများကို အားပေးမြှင့်တင်နိုင်မည်ဟု အလေးအနက်ယုံကြည်ပါကြောင်း** ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးက ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြိုင်ပွဲအသီးသီးမှ အကဲဖြတ်ဒိုင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပရောဂျက်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယခုနှစ် လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲတွင် အင်ဂျင်နီယာဘာသာရပ်ခြောက်ခုတို့မှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၇၀ ဦးတို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး Innovation Project ပြိုင်ပွဲတွင် စက်မှုလယ်ယာ၊ ပြန်ပြည့်မြဲစွမ်းအင်၊ စက်ရုပ်နှင့် IT နည်းပညာများဆိုင်ရာ Innovation Project ၁၂ ခုနှင့် Grassroot Innovation Project ရှစ်ခုတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုချီးမြှင့်ငွေပေါင်း ကျပ်သိန်း ၁၀၀ ရှိကြောင်း သိရသည်။

**(၅၀၀)**

---

နေပြည်တော် ဇူလိုင် ၁၇

# ယခုနှစ်တွင် ဝါမျိုးစုံစိုက်ပျိုးရန် ၆၁၂၇၁၂ ဧကလျာထားပြီး ချည်မျှင်ရှည်ဝါကို ၄၇၉၀၉၂ ဧကစိုက်ပျိုးမည်

နိုင်ငံတော်အတွက် ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်ရေးသည် အလွန်အရေးကြီးသောအခန်းကဏ္ဍတွင်တည်ရှိနေပြီး စိုက်ပျိုးထုတ်လုပ်ကြိတ်ခွဲခြင်းမှ ကုန်ချောထုတ်လုပ်သည့်ကွင်းဆက်အားလုံးသည် အလုပ်အကိုင်အခွင့်အလမ်းအမျိုးမျိုးနှင့်ကုန်သွယ်ရေးကဏ္ဍများ၊ စက်မှုလုပ်ငန်းကဏ္ဍများ၊ စီးပွားရေးလုပ်ငန်းများအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်သည်။

ယခုနှစ်တွင် ဝါမျိုးစုံစိုက်ပျိုးရန် ၆၁၂၇၁၂ ဧကလျာထားပြီး ချည်မျှင်ရှည်ဝါကို ၄၇၉၀၉၂ ဧက စိုက်ပျိုးကြမည်ဖြစ်သည်။ အဆိုပါချည်မျှင်ရှည်ဝါများသည် ဂွမ်းမွှေးအရှည် ၂၈ မှ ၃၀ မီလီမီတာသာရှိကြပြီး အဆင့်မီချည်ချောထုတ်လုပ်နိုင်ရေးအတွက် ဂွမ်းမွှေးအရှည် ၃၃-၃၄ မီလီမီတာရှည်သော (Extra-long stable cotton) အလွန်ရှည်ချည်မျှင်ရှည်ဝါမျိုးများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဝါမျိုးစေ့ထုတ်လုပ်တင်သွင်းသောကုမ္ပဏီများ၊ ပညာရှင်များသည် ယနေ့နံနက် ၁၀ နာရီတွင် ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမတွင် ဆွေးနွေးခဲ့ကြသည်။



ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ELS ဝါစိုက်ဧကကို တစ်သိန်းထိ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ရရှိနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဌာနခွဲစိုက်ကွင်းများတွင် သုတေသနပြုဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းမျိုးစေ့ထုတ်လုံလောက်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် ဌာနမှကူညီဖြည့်ဆည်းမည့်အစီအစဉ်များကို ဆွေးနွေးသည်။

ယခုနှစ် ELS စိုက်ပျိုးမှုမှာ ဧက ၂၅၀၀၀ ရှိပြီး မိုးနှောင်းကာလတွင် ဧက ၁၀၀၀၀ စုစုပေါင်းဧက ၃၅၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။ လာမည့်နှစ်တွင် ဧက ၅၀၀၀၀ တိုးချဲ့စိုက်ပျိုးနိုင်ရန် အထူးဇုန်များဖွဲ့စည်းစိုက်ပျိုးနိုင်ရေး၊ နှစ်စဉ်ဧက ၁၀၀၀၀၀ စိုက်ပျိုးရန် မျိုးစေ့လုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ဝါမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးကြသော Ayeyarwaddy Seed and Irrigation, TBL Seed Production Limited, Agro Bio Product Co.,Ltd., Aventine Limited နှင့် Omega Seed Co., Ltd. တို့မှတာဝန်ရှိကုမ္ပဏီခြောက်ခုမှ တာဝန်ရှိသူများ၊ ဝါမျိုးစေ့ထုတ်လုပ်မှုကျွမ်းကျင်ပညာရှင်ဝန်ထမ်းများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

မိတ္ထီလာ ဇူလိုင် ၁၇

## မိတ္ထီလာမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အလယ်တန်းအဆင့် အထွေထွေဗဟုသုတရေးဖြေပြိုင်ပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်းကျင်းပသော (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အခြေခံပညာအလယ်တန်းအဆင့် အထွေထွေဗဟုသုတ ရေးဖြေပြိုင်ပွဲကို ယနေ့တွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်တို့က ပြိုင်ပွဲစည်းကမ်းချက်များကို ပြောကြားသည်။

ထို့နောက် အာဇာနည်နေ့နှင့်သက်ဆိုင်သည့် အထွေထွေဗဟုသုတရေးဖြေပြိုင်ပွဲကို အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးက ဝင်ရောက်ဖြေဆိုကြသည်။

ဆက်လက်၍ ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အခြေခံပညာမူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင်လ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(၆၀၂)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၇-၇-၂၀၂၄)၊ ည(၈း၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၆-၇-၂၀၂၄)ရက်နေ့၊ ည ၆ နာရီမှ (၁၇-၇-၂၀၂၄)ရက်နေ့၊ ည ၆ နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၆၇) ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၃ )ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၇-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ ၈၇ ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၇-၇-၂၀၂၄)ရက်နေ့၊ ည ၆ နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာစုစုပေါင်း ၇၉၂ ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

ရန်ကုန် ဇူလိုင် ၁၇

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ပန်းဆိုးတန်း-ဒလဆိပ်ကမ်းတို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြော



မိုးရာသီတွင်ဖြစ်ပွားတတ်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မင်္ဂလာဒုံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ လေဆိပ်ကျန်းမာရေးဌာန၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီနှင့် ရန်ကုန်အေရိုဒရုန်းကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက လတ်တလောဖြစ်ပွားလျက်ရှိသော ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးစီမံချက်အရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းခရီးစဉ်ဆိုက်ရောက်/ ထွက်ခွာဆောင်၌ နံရံကပ်ပိုစတာကပ်ခြင်း၊ ခရီးသွားပြည်သူများကို လက်ကမ်းစာစောင်များဝေငှခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးကြော်ငြာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ပန်းဆိုးတန်း-ဒလဆိပ်ကမ်းတွင် ကူးတို့လမ်းပြေးဆွဲနေသော ချယ်ရီ-၃ ရေယာဉ်ပေါ်၌လည်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လူဝင်မှုဆိုင်ရာ ဆိပ်ကမ်းကျန်းမာရေးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများက ပန်းဆိုးတန်း-ဒလဆိပ်ကမ်းနှင့် ချယ်ရီ-၃ ရေယာဉ်ပေါ်၌ နံရံကပ်ပိုစတာများကပ်ခြင်း၊ ခရီးသွားပြည်သူများအား လက်ကမ်းစာစောင်များဝေငှခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးကြော်ငြာခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၁၇

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရောဝတီအသင်းက ရှမ်းယူနိုက်တက်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီအသင်းတို့ကစားခဲ့ရာ ရောဝတီအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၃၈ မိနစ်တွင် မေသကြဲနှင်မိုးက ရောဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရောဝတီအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် ရောဝတီအသင်းအခက်တွေ့ခဲ့ရပြီး ပွဲချိန် ၆၆ မိနစ်တွင် ယုယနိုင်က ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၇၈ မိနစ်တွင် နန်ရှင်းသန့်ဖြူဇင်ဖြိုးက ရောဝတီအသင်းအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရောဝတီအသင်းက ရှမ်းယူနိုက်တက်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ရောဝတီအသင်းတိုက်စစ်မှူး စန်းသော်သော်က ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ဇူလိုင်လ ၁၈ ရက် **(ယနေ့)**ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ISPE အသင်းနှင့် မြဝတီအသင်း၊ YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် YREO အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**




နေပြည်တော် ဇူလိုင် ၁၇

## နေရာကွက်၍မိုးကြီးနိုင်

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး
Black Tea
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Tea Mix
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အချေအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR

ပန်းတောင်း ဇူလိုင် ၁၇

# ပန်းတောင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်အားပေးထောက်ပံ့




ဧရာဝတီမြစ်ရေမြင့်တက်ခဲ့မှုကြောင့် ပန်းတောင်းမြို့နယ် မြစ်ကမ်းဘေး အနိမ့်ပိုင်းရပ်ကွက်/ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်အားပေးထောက်ပံ့ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပန်းတောင်းမြို့ ပေါ်တော်မူ(ရှင်ဖြူ)ဘုရားရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အာဟာရမုန့်များကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ ဆန်ရိက္ခာဖိုးနှစ်ပတ်စာ ထောက်ပံ့ငွေကျပ် ၄၆၄၉၄၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပန်းတောင်းမြို့နယ် ဧရာဝတီမြစ်ကမ်းဘေးမြေနိမ့်ပိုင်းရှိ ရပ်ကွက်/ကျေးရွာများအတွင်း ရေဝင်ရောက်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေဝင်ရောက်ခဲ့သည့် ဌာနဆိုင်ရာများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ၎င်းနောက် ပန်းတောင်း-ဥသျှစ်ပင်မြို့ ကားလမ်းတစ်လျှောက် ဧရာဝတီမြစ်ရေဝင်ရောက်မှုအခြေအနေများအား လှည့်လည်ကြည့်ရှုခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပန်းတောင်းမြို့နယ် ရွှေကျောင်းကုန်းကျေးရွာ၌ ပေါင်ကြီးတင်စနစ်ဖြင့် မိုးနှမ်း(ဆင်းရတနာ-၃) ၁၀ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ ရာသီအလိုက် စိုက်ပျိုးသီးနှံများနှင့်ပတ်သက်၍ တောင်သူအသိပညာပေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**၄၀၁၊ တင်စိုး(ပဲခူး)**

နေပြည်တော် ဇူလိုင် ၁၇

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၁၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ် Cotton Fabric ၁၁၃၂၃ ကီလိုဂရမ်၊ အင်ဒိုနီးရှားနိုင်ငံထုတ် Fabric (Plain) (65% Polyester) (35% Cotton) (၁၁၁၅၄)ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၈၇၃၅၅)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck (၁) စီးနှင့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၄၈၇၃၅၅)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၁၅ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင် အဝေးပြေးကားဝင်းအတွင်း၌ ကျိုက်ထိုမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် OTTO Pressure Cooker (၉)လုံး အပါအဝင် ကုန်ပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ထော်လာဂျီ(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၉၉၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၁၅ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင်၊ ကံမမြို့နယ်၊ ပုသိမ်-မုံရွာကားလမ်းအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားမဝင် မီးသွေး(၃၆)ပေါင်ပါ(၂၁၀၃)အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၀၃၄၀)နှင့် အဆိုပါမီးသွေးများတင်ဆောင်လာသည့် Nissan Truck (၁)စီးနှင့် I.Zone Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၈၈၀၃၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၅ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၆ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၆၂၀) တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၃၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဇူလိုင်လ ၁၃ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်း အမှုတွဲ ၁၀ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၅၈၀၃၀၃၅)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၇

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၈ ရက်မှ ၁၄ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း ၁၃ ဒသမ ၅၀၅၅ တန်၊ သစ်မာ ၁၁ ဒသမ ၃၈၁၂ တန်၊ အခြား ၂၈ ဒသမ ၁၄၆၀ တန်၊ စုစုပေါင်း ၅၃ ဒသမ ၀၃၂၇ တန်၊ ယာဉ်/ယန္တရား ၁၇ စီး၊ တရားခံ ၂၄ ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

## ၁၇-၇-၂၀၂၄ ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မိတ္ထီလာ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည်(လွန်ကျော်) | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |

# ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမပေါ်ရှိ ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားအား KNLA အဖွဲ့မှအကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့တို့မှ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့်တံတားအား တွေ့မြင်ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၇**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများနှင့် အကြမ်းဖက်မှုကိုလိုလားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကိုပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူ သွားလာနေထိုင်အသုံးပြုလျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း Drop Bomb များကြဲချတိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်။

ယခုတွင်လည်း KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ယနေ့နံနက်ပိုင်းတွင် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအားထားအသုံးပြုလျက်ရှိသည့် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကရင်လေးဆိပ်ကျေးရွာမြောက်ဘက် မီတာ ၁၀၀ ခန့်အကွာရှိ ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ် မိုင်တိုင်အမှတ်၊ ၁၃၆/၂ နှင့် ၁၃၆/၃ ကြားတွင်ရှိသည့် အရှည်(၁၀) ပေ၊ အကျယ် (၄၀) ပေ၊ ခံနိုင်ဝန်(၆၀)တန်ရှိ သံကူကွန်ကရစ်အမျိုးအစားတံတားအမှတ် (၁/၁၃၇) ကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် တံတား၏မြောက်ဘက်ကမ်းကပ်ခုံမှာ ၁၀၀ ရာခိုင်နှုန်း ပြိုကျပျက်စီးခဲ့သည်။




မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားအား မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေး ယာယီတံတားဆောက်ရွက်ပေးထားမှုအား တွေ့မြင်ရစဉ်။

အကြမ်းဖက်သမားများအနေဖြင့် ခရီးသွားပြည်သူများ သွားလာမှုခက်ခဲစေရန်နှင့်အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး ဒေသအတွင်း တည်ငြိမ်မှုပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် လူနှင့်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုအဆင်ပြေစေရန်အတွက် သက်ဆိုင်ရာ လမ်း/တံတားဦးစီးဌာနမှ တာဝန်ရှိသူများက ယာယီတံတားအား အမြန်ဆုံးဆောင်ရွက်ပေးခဲ့ရာ မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် ပျက်စီးသွားသည့်တံတားအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့မှ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖြစ်စဉ်ပြပုံ။




---

# မင်းလှမြို့နယ်၊ ဆားချောင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ




**နေပြည်တော် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဆားချောင်းကျေးရွာနှင့် စမ်းဘုတ်ကျေးရွာကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆားချောင်းကျေးရွာကို ဝင်ရောက်မီးရှို့ခဲ့ကြောင်း၊ အဆိုပါမီးရှို့မှုကြောင့် နေအိမ် ၃၀ ခန့် မီးလောင်ပျက်စီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မင်းလှမြို့နယ်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၁၅ ရက်နေ့တွင် မင်းလှမြို့နယ် ဆားချောင်းကျေးရွာ၏ အနောက်ဘက်သို့ ရောက်ရှိစဉ်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများကို လိုက်လံရှင်းလင်းခဲ့ရာ ဆားချောင်းကျေးရွာ၏အရှေ့ဘက် မီတာ ၃၀၀ ခန့်တွင် အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ခဲ့သည့် တောင်ယာတဲတစ်လုံးအားတွေ့ရှိခဲ့ပြီး ၎င်းတောင်ယာတဲအတွင်းမှ လက်လုပ် ၁၂ ဗို့ သေနတ် (၁)လက်၊ ၅.၅၆ ကျည် (၅)တောင့်နှင့် ဆက်စပ်ပစ္စည်းအချို့ကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထိုသို့လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကိုအခြေခံ၍ သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေခြင်းသာဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆားချောင်းကျေးရွာကိုမီးရှို့ဖျက်ဆီးခဲ့ခြင်းမရှိကြောင်း သတင်းရရှိပါသည်။ **(၁၀၀)**

---

# တောင်ငူခရိုင်၌ လူငယ်စကားဝိုင်းကျင်းပ

**တောင်ငူ ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင်လ ၁၇ ရက် နံနက်ပိုင်းတွင် လူငယ်စကားဝိုင်းကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုစတင်ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက စေ့စပ်ညှိနှိုင်းသူအဖြစ်ဆောင်ရွက်ပြီး တောင်ငူမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း Grade-10 (A)မှ မဆုယဉ်မွန်က "လူငယ်နှင့်ကျန်းမာရေး"၊ Grade-10 (B)မှ မောင်ဝေယံအောင်က "လူငယ်နှင့်စာရိတ္တ"၊ Grade-11 (C)မှ မမြတ်နဒီစိုးက "လူငယ်နှင့်စာဖတ်ခြင်း"၊ Grade-10 (B) မှ မအင်ကြင်းစံက "လူငယ်နှင့်မူးယစ်ဆေး"စသည့် ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြပြီး ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြောင်း သိရသည်။ **တင်ဆန်းဦး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၇-၇-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၃၅၇။ | အဖေ ဦးစိန်လှ(သိပ္ပံစိုးမြင့်နိုင်)ကွယ်လွန်ခြင်း (၅)နှစ်ပြည့် ရည်စူးဒါနနှင့် အမေ ဒေါ်ထွေးလေးအား အမှူးထားလျက် ဒေါက်တာအောင်ဇေယျ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၃၅၈။ | ကွယ်လွန်သူဦးတင်မောင်လတ်နှင့် ဒေါ်စုစုလတ်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၃၅၉။ | ရှမ်းပြည်နယ်တောင်ပိုင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အငြိမ်းစားဝန်ထမ်းများကောင်းမှု | ၅၀၀၀၀၀ |
| ၄၃၆၀။ | ကွယ်လွန်သူ ဦးအုံးရှိန်နှင့်ဇနီး ဒေါ်အုန်းကြည်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၃၆၁။ | ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးမှ အရာထမ်းများကောင်းမှု | ၃၅၀၀၀၀ |
| ၄၃၆၂။ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စွမ်းဆောင်ရည်မြှင့်တင်သင်တန်းနှင့်စီမံကိန်းမှ သင်တန်းသားများကောင်းမှု | ၃၀၀၀၀၀ |
| ၄၃၆၃။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးခင်မောင်ဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၃၆၄။ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းဌာနမှဝန်ထမ်းများကောင်းမှု | ၂၂၀၀၀၀ |
| ၄၃၆၅။ | ဖျာပုံမြို့နယ်၊ တင်ပုလွဲကျေးရွာဆရာတော်ဦးဆောင်သည့် ဓမ္မစကူးလ် ဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများကောင်းမှု | ၁၈၅၀၀၀ |
| ၄၃၆၆။ | ကွယ်လွန်သူ အဘိုးအဘွား၊ မိဘများအားရည်စူး၍ ဦးစိုးမြင့်နှင့် ဒေါ်မြတ်သန္တာစိုး၊ (သမီး)သင်းလွင်စိုး၊ ဦးအောင်ကိုကိုထိုက်နှင့်ဇနီး ဒေါ်နှင်းလွင်စိုး၊ (သား)မောင်ကျော်ဗိုလ်ဗိုလ်ခန့်၊ မောင်အောင်ဗိုလ်ဗိုလ်ခန့်၊ မောင်ညီဗိုလ်ဗိုလ်ခန့်၊ ဦးခင်ကျော်နှင့် ဒေါ်ဝတ်ရည်စိုး မိသားစုတစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၄၃၆၇။ | ဦးတင်အေးနှင့်ဇနီး ဒေါ်ဝင်း၊ သား/သမီး/မြေး/မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၆၈။ | ဆရာတော်ဦးပညာသိဒ္ဓိကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၆၉။ | ဗိုလ်မှူးကြီးအုံ့ကျော်နှင့်ဇနီး ဒေါ်ဝင်းစန္ဒာကျော်၊ (သမီး)မအေးချမ်းဆုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၀။ | ဦးအောင်စိုးဦးနှင့်ဇနီး ဒေါ်ဇာခြည်ဖြိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၁။ | မိခင်ကြီး ဒေါ်ခေမာဝတီ၏ (၉၁)နှစ်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၂။ | ဒေါ်တင်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၃။ | ဒေါ်ခင်လှ၊ မယမုံဦး၊ မနှင်းအေးဝေ၊ မစိုးရတနာ၊ မောင်ထက်အောင်ရှိုင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၄။ | ကိုမျိုးမင်းထွဋ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၅။ | ဦးကျော်လေးနှင့်ဇနီး ဒေါ်တင်ဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၆။ | မဆုသျှားလဲ့ဇော်ကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၇။ | ဦးဆလိုင်းစိန်မြနှင့်ဇနီး ဒေါ်နော်အေးအေးသွင်၊ (သမီး)မဆူးဆူးညား၊ မချို့ငြိမ်းချမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၈။ | ဦးစံမျိုးနှင့်ဇနီး ဒေါ်ခင်စန်းဝင်း၊ (သမီး)ကိုငွေးလင်းထက် နှင့်ဇနီး မမျိုးစန္ဒီခင်၊ မမျိုးသီရိခင်၊ မမျိုးပြည့်လျှံခင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၄၃၇၉။ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သားသတ်ဌာနခွဲမှဝန်ထမ်းမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၄၃၈၀။ | ဖာပိန်ကျောင်းဆရာတော် ဦးနန္ဒဝံသကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၁။ | ဦးကျော်ထန်နှင့်ဇနီး ဒေါ်ခိုင်ခိုင်ထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၂။ | ကွယ်လွန်သူ ဦးတင်အောင်နှင့် ဒေါ်ကျန်စိန်တို့အား ရည်စူး၍ ဦးငွေးအောင်နှင့်ဇနီး ဒေါ်ငွေးငွေးလွင်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၃။ | ကွယ်လွန်သူ ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ဖလားဝါးတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၄။ | အဘိုးဦးဘမောင်နှင့် ဒေါ်ခင်ကြည်၊ ဦးအုန်းမြင့်ကျော်နှင့်ဇနီး ဒေါ်သီတာအေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၅။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ထွေးလှမိသားစုကောင်းမှု | ၅၃၀၀၀ |
| ၄၃၈၆။ | ကွယ်လွန်သူ ဦးမောင်မောင်ကြည်နှင့် ဒေါ်အေးအေးမာ တို့အားအမှူးထား၍ ဒုတိယဗိုလ်မှူးကြီးမင်းနိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၇။ | ဦးစောမြအောင်နှင့်ဇနီး ဒေါ်ခင်လေးမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၈။ | ဖေဖေဦးဆန်းလွင်နှင့်ဇနီး မေမေဒေါ်ရီရီလှ၊ (သား)ဗိုလ်မှူးဝင်းထွဋ်အောင်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၄၃၈၉။ | ဦးအေးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၀။ | ကိုချစ်ပေါက်၊ ကိုဖိုးချစ်၊ မဘုတ်ဆုံမ၊ မဘေဘီနှင့် မိဖြူတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၁။ | ဦးသိန်းမြင့်နှင့်ဇနီး ဒေါ်အေးကြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၂။ | ဦးနော်လေးနှင့်ဇနီး ဒေါ်စံရတီထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၃။ | ဦးတင်အောင်မိုးနှင့်ဇနီး ဒေါ်စန်းစန်းဝင်း၊ (သား)မောင်ကောင်းထက်သာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၄။ | ကွယ်လွန်သူ ဦးမောင်တိုးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၅။ | ဦးထွန်းအေးနှင့်ဇနီး ဒေါ်သိန်းငွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၆။ | ဦးမောင်မောင်ရင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၇။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန္တာဇံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၈။ | ဦးအုန်းလွင်နှင့်ဇနီး ဒေါ်မာလာထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၃၉၉။ | ကွယ်လွန်သူ ဦးစိုးမင်းသိန်းအားရည်စူး၍ ဒေါ်သီတာအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၄၀၀။ | ကိုဇင်မျိုးထွန်းနှင့်ဇနီး မလဲ့လဲ့ဖြိုးလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၄၀၁။ | ဒေါ်ခင်ကလျာဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၄၀၂။ | ကွယ်လွန်သူ ဦးကျော်ရှိန်အားရည်စူး၍ ဒေါ်မြင့်မြင့်သန်းအား အမှူးထားကာ ဦးအောင်မိုးကျော်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၄၄၀၃။ | ဒေါ်ကြည်လှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၄၀၄။ | ဒေါ်နန်းခမ်းလာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၄၀၅။ | ဦးဟေမောင်လေးနှင့်ဇနီး ဒေါ်ခင်ရီမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၀၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


### ပျောက်ဆုံးကြောင်း

ကဝမြို့နယ်နေ မောင်မျိုးမင်းသန့်(ဘ)ဦးကုလား ၇/ကဝန(နိုင်)၀၉၀၅၃၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၂၀၂၂၉၁၁**

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်၊ ရေကျော်ကျေးရွာနေ မောင်ဇင်မင်းကျော်(ဘ)ဦးမျိုးမင်းထိုက် ၇/သနပ(နိုင်)၁၈၄၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၆၆၀၇၃၈**

### ပျောက်ဆုံးကြောင်း

ရေဖြူမြို့၊ အဂ္ဂင်ရပ်နေ ဇော်ဇော်အောင်(ဘ)ဦးဖေအောင် ၆/ရဖန(နိုင်)၀၄၆၀၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(431025)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၅၁၀၉၇**

### ပျောက်ဆုံးကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နေ မလှိုင်ဇာဦး(ဘ)ဦးစိုးမြင့် ၉/လဝန(နိုင်)၁၃၈၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 682849)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၈၂၅၄၄၈၇**

### ပျောက်ဆုံးကြောင်း

ကွမ်းလုံမြို့၊ ရှင်လုံကျိုင်းရွာနေ မတင့်တင့်ထွန်း(ဘ)ဦးလီယုံလူ ၁၃/ကလတ(နိုင်)၀၄၀၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၂၁၄၀၀၇**

### ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့၊ သက္ကယ်ချင်းရွာနေ မစန်းဝင်းနွယ်(ဘ)ဦးတင်လှ ၇/ဒဥန(နိုင်)၁၇၈၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 971783)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၆၇၀၉၉၂**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကို ဖန်တီးနေနိုင်ပြီဆိုသည်ကို သတိပြုမိကြရန်နှင့်မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်၊ နောက်ကျမကျန်ရစ်စေရန်၊ ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေးဘဝများကို ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ဆောင်းပါး** — စိုက်ပျိုးမွေးမြူရေးကို အလေးထား နိုင်ငံ့ GDP တိုးပွား စာ - ၁၂ သို့

## ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင်ရောက်ရှိမည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင်လ ၁၉ ရက်၊ နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၇ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MRTV Parliament၊ MRTV NRC၊ MWD-HD၊ MWD Variety HD၊ MITV၊ MOI Website၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ Star FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ပဥ္စဝတီ FM၊ မန္တလေး FM၊ ချယ်ရီ FM၊ ရွှေ FM နှင့် MRTV App: အပါအဝင် Online တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

## ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ်၊ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား ရထားလမ်းပေါ်တွင် မိုင်းဖောက်ခွဲထားမှုကြောင့် လူစီးရထားလမ်းချော်ကျမှုဖြစ်ပွားပြီး ရထားများကြန့်ကြာမှုဖြစ်

စာ - ၁၅ သို့



ပဲခူး-မော်လမြိုင်လမ်းပိုင်း၊ သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား အမှတ်(၈၂)အစုန် လူစီးအမြန်ရထားလမ်းချော်ကျမှုအခြေအနေကို တွေ့ရစဉ်။

**ရေကြီးမှုအခြေအနေ** စာ - ၂၆ သို့

**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ** စာ - ၂၉ သို့

### အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

